

# “အမိုးမရှိ လေဟာပြင်အတွင်း ပိတ်လှောင်ခံထားရခြင်း”

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်းမှ လူမျိုးရေးခွဲခြားမှုစနစ်

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ (Amnesty International) သည် လူသားတိုင်း လူ့အခွင့်အရေးများအား ခံစားရရှိနိုင်မည့် မြေကမ္ဘာ တစ်ခုအား ဖန်တီးရန်အတွက် ကမ္ဘာ တစ်ဝှမ်း လူဦးရေ 7 သန်းကျော်ပါဝင်သော ကမ္ဘာလုံးဆိုင်ရာ စည်းရုံးလှုပ်ရှားမှု လမ်းစဉ် လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

ကျွန်ုပ်တို့၏ ရူပါရုံမှာ လူတစ်ဦးတစ်ယောက်စီတိုင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း နှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေး စံသတ်မှတ်ချက်များအတွင်း ထုတ်ပြန်ထားသော အခွင့်အရေးများ အားလုံးအား ခံစားရရှိနိုင်ရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် အခြားသော အစိုးရ၊ နိုင်ငံရေးဆိုင်ရာ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ၊ စီးပွားရေး သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများမှန်သမျှတို့ဖြင့် အမှီအခိုမဲ့ ကင်းရှင်းပြီး၊ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် ကျွန်ုပ်တို့၏ အဖွဲ့ဝင် နှင့် အခြားသော အများပြည်သူလူထု လှူဒါန်းမှုများ ဖြင့်သာ အဓိက ရန်ပုံငွေထောက်ပံ့ထားသော အဖွဲ့အစည်း ဖြစ်သည်။

© Amnesty International 2017
အခြား မှတ်ချက်ပြုထားသော အခြေအနေမှလွဲ၍ ဤစာတမ်းအတွင်းပါဝင်သော အကြောင်းအရာများအား Creative Commons (ယူဆချက်၊ စီးပွားရေးလုပ်ငန်းနှင့်မသက်ဆိုင်သော၊ ညွှန်ကြားချက်မဟုတ်သော၊ နိုင်ငံတကာ 4.0) လိုင်စင် လက်အောက်တွင် လိုင်စင်ပြုထားသည်။
https://creativecommons.org/licenses/by-nc-nd/4.0/legalcode
နောက်ထပ်သော အချက်အလက်များအတွက် ကျေးဇူးပြုပြီး ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် www.amnesty.org ရှိ ခွင့်ပြုချက်များဆိုင်ရာ စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ထက်ဆိုင်လျှင် အခြားသော ကော်ပီခွင့်ပိုင်ရှင်တစ်ဦးမှ ထည့်ဝင်ထားသည့်အရာများအတွက်မူ ၎င်းအကြောင်းအရာသည် Creative Commons လိုင်စင်အရ မဟုတ်ပေ။
2017 တွင် ပထမအကြိမ်ထုတ်ဝေသည်
Amnesty International Ltd
Peter Benenson House, 1 Easton Street
London WC1X 0DW, UK

**အညွှန်း - ASA 16/7484/2017**
**မူရင်း ရေးသားထားသည့်ဘာသာစကား - အင်္ဂလိပ်**

**amnesty.org**

***သတင်း ဓာတ်ပုံ*** *- ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်မှ ဒေသခံကျေးရွာတစ်ရွာရှိ ရိုဟင်ဂျာ ကလေးများ၊ မတ်လ 2016. © Amnesty International.*

AMNESTY INTERNATIONAL


N
နီပေါ
ဘူတန်
အိန္ဒိယ
တရုတ်
ဘင်္ဂလားဒေ့ရှ်
အိန္ဒိယ
မြန်မာ
စစ်တွေ
နေပြည်တော် ★
ရခိုင် ပြည်နယ်
လာအို
ဘင်္ဂလား ပင်လယ်အော်
ရန်ကုန်
ထိုင်း
အက်ဒမန် ပင်လယ်
ထိုင်း ပင်လယ်ကွေ့
0 100 200 km
(c) GADM၊ Natural Earth (သဘာဝ ကမ္ဘာမြေ) ၊ MIMU ၂၀၁၆



ဘင်္ဂလားဒေ့ရှ်
မောင်းတော
ဘူးသီးတောင်
ကျောက်တော်
မြောက်ဦး
ပုဏ္ဏားကျွန်း
မင်းပြား
ရသေ့တောင်
စစ်တွေ
ပေါက်တော
မြေပုံ
ဘင်္ဂလား ပင်လယ်အော်
N
ဘူတန်
အိန္ဒိယ
တရုတ်
ဘင်္ဂလားဒေ့ရှ်
မြန်မာ
လာအို
ရခိုင် ပြည်နယ်
ထိုင်း
အညွှန်း ရှင်းလင်းချက်
ရခိုင်ပြည်နယ် မြောက်ပိုင်း
ရခိုင်ပြည်နယ် ဗဟို
စစ်တွေ မြို့နယ်
အဓိက မြို့နယ်၊ မြို့
ရခိုင်ပြည်နယ် မြို့တော်
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့မှ လည်ပတ်ခဲ့သည့် မြို့တော်များ
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့မှ တယ်လီဖုန်း အင်တာဗျူး ဆောင်ရွက်ခဲ့သည့် မြို့တော်များ
မြို့တော် အမည်
0 25 50 km
(c) GADM၊ Natural Earth (သဘာဝ ကမ္ဘာမြေ) ၊ MIMU ၂၀၁၆
ကျောက်ဖြူ
ရမ်းဗြဲ
မာန်အောင်

# စီမံဆောင်ရွက်မှုဆိုင်ရာ အကျဉ်းချုပ်

> **“ဘယ်ကစပြီး ဘယ်မှာဆုံးမလဲဆိုတာတောင် ကျွန်တော် မသိတော့ဘူး... 2012ခုနှစ်ကတည်းက ဘာဆိုဘာတစ်ခုမှ မရှိတော့ဘူး။ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး အခွင့်အလမ်းတွေ ကျွန်တော်တို့မှာ မရှိဘူး၊ သွားလာဖို့အတွက်က ကန့်သတ်ချက်တွေရှိနေတယ်။ လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်တွေ ရှိနေတာကြောင့် လမ်းမပေါ် ဘယ်နေရာမှ ကျွန်တော်တို့ သွားလာလို့မရဘူး။ ရှင်သန်နိုင်ဖို့အတွက် ကျွန်တော်တို့ ရုန်းကန်နေရတယ်၊ ကျွန်တော်တို့ရဲ့ကလေးတွေက သူတို့ရဲ့ အနာဂါတ် အတွက် ရုန်းကန်နေရတယ်။ အမိုးမရှိတဲ့နေရာတစ်ခုမှ ပိတ်လှောင်ခံထား ရသလိုပါပဲ”**
>
> Faisal (နာမည်ရင်း မဟုတ်ပေ) ၊မြောက်ဦးမြို့နယ်ရှိ ကျေးရွာတစ်ခုတွင် နေထိုင်သော အသက် 34 နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသား တစ်ဦး။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူနည်းစု၏ အခြေအနေမှာ 2017ခုနှစ် ဩဂုတ်လ၊ ရိုဟင်ဂျာများ အဓိကနေထိုင်သည့် ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသအချို့အား စစ်တပ်မှ ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်မှု စည်းရုံးလှုပ်ရှားမှု လမ်းစဉ်များ စတင်ချိန်မှစ၍ သိသာစွာ ဆိုးရွားလာလျက်ရှိသည်။ လက်နက်ကိုင်အုပ်စု အာရကန် ရိုဟင်ဂျာ လွတ်မြောက်ရေးတပ်မတော် (ARSA) မှ လုံခြုံရေးစခန်းများသို့ ဂင်ရောက်တိုက်ခိုက်မှုအပေါ် တုံ့ပြန်သည့်အနေနှင့် စတင်ခဲ့သော ဤစည်းရုံးလှုပ်ရှားမှု လမ်းစဉ်သည် ဥပဒေမဲ့ဆန်ပြီး လွန်စွာပင် မသင့်တော်ပေ။ တရားမျှတမှုအတွက် ကိုယ်ထိလက်ရောက်ကျူးလွန်သူများကိုသာ ပြစ်ဒဏ်ပေးဖို့ ကြိုးစားရမည့်အစား ရိုဟင်ဂျာတစ်မျိုးသားလုံးအပေါ် ၎င်းတို့၏ လူမျိုးအထောက်အထားအပေါ်အခြေခံပြီး ပစ်မှတ်ထားဆောင်ရွက် နေလျက်ရှိသည်။

ယနေ့အထိ 6 သိန်း ကျော်သော အမျိုးသမီး၊ အမျိုးသား နှင့် ကလေးများတို့သည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်အတွင်းသို့ ထွက်ပြေးလာကြလျက်ရှိပြီး၊ ၎င်းတို့နှင့်အတူ ၎င်းတို့အပေါ် မြန်မာလုံခြုံရေးတပ်များ၊ တစ်ခါတစ်ရံတွင် ဒေသခံ လုံခြုံရေးတို့ကပါ ပူးပေါင်း၍ ကျူးလွန်သော သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိန်းမှုများ နှင့် တစ်ရွာလုံး မီးရှို့ ဖျက်ဆီးခံရမှု စာရင်းများကိုပါ ယူဆောင်လာခဲ့သည်။ UN မှ ဤအခြေအနေတစ်ခုလုံးအား “လူမျိုးတုံး သုတ်သင်ရှင်းလင်းမှု၏ ဖတ်စာဥပမာ” တစ်ခုအဖြစ် သတ်မှတ်ဖော်ပြခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်းအနေနှင့်မူ ဤသည် လူသားမျိုးနွယ်အပေါ် စစ်တပ်၏ ပြစ်မှုကျူးလွန်မှု ဆောင်ရွက်ချက်များအဖြစ် ကောက်ချက်ချသတ်မှတ်ခဲ့သည်။

ဤအစီရင်ခံချက်သည် လတ်တလော အကြမ်းဖက်မှုများ၏ နောက်ခံအကြောင်း အရင်းဖြစ်သော ယခင်ကတည်းကစပြီး ယခုအထိ ကျန်ရှိနေသေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖော်ထုတ်ထားပေသည်။ ဤအစီရင်ခံချက် သည် အဆိုပါ အကြမ်းဖက်မှုများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်နေသည့် ရိုဟင်ဂျာများ ဆယ်စုနှစ်ပေါင်းများစွာကြာ ရင်ဆိုင်နေရလျက်ရှိသော ဥပဒေ၊ မူဂါဒများ နှင့် မူကျင့်စဉ်များအတွင်း ခွဲခြားဆက်ဆံမှု နှင့် လူမျိုးရေး အခြေခံသော ကန့်သတ်ချက်များအကြောင်း၊ ထို့ပြင် မွတ်စလင်များ နှင့် ဗုဒ္ဓဘာသာဝင်များအကြား အကြမ်းဖက်မှု လှိုင်းလုံးများ ဖြစ်ပွားပြီးသည့်နောက် 2012 ခုနှစ်မှစတင်ပြီး ပိုမိုပြင်းထန်လာသည့် - တစ်ခါတစ်ရံတွင် လုံခြုံရေးတပ်များပါ ပါဝင်အားဖြည့်တတ်သော - ပဋိပက္ခများ ဖြစ်ပေါ်လာပုံတို့ကို အသေးစိတ် ဖော်ပြထားသည်။

အာဏာပိုင်များ၏ တုံ့ပြန်ဆောင်ရွက်ပုံမှာ လူမှုအသိုင်းအဝိုင်းများအား အုပ်စုကွဲစေရန်၊ အထူးသဖြင့် မွတ်စလင်များအား ရခိုင်ပြည်နယ်ရှိ ကျန်ရှိသော လူမှုအသိုင်းအဝိုင်းများဖြင့် သီးသန့်ကွဲထွက်နေစေရန်ဖြစ်သည်။ ၎င်းအချိန်ကတည်းကပင် - ထို့ပြင် Faisal ၏ ပြောကြားချက်များအရ သက်သေခံနေသည်မှာ - ရိုဟင်ဂျာများ၏ ဘဝနေထိုင်မှု ဘက်ပေါင်းစုံနီးပါးတွင် ငါးနှစ်ကျော်ကြာ လွန်စွာ ပြင်းထန်သော အကန့်အသတ်များ ရှိနေခဲ့ပြီး၊ ဤတွင် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်၊ နိုင်ငံသားအခွင့်အရေးနှင့်အညီ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ လုပ်ငန်းနှင့် အစားအသောက်များ ရရှိခွင့်တို့ကိုပါ ဆုံးရှုံးနေလျက်ရှိသည်။

မကြာသေးမီ လပိုင်းအတွင်း သတင်းခေါင်းစဉ်များတွင် ဤလူ့အခွင့်အရေးချိုးဖောက်မှုများအား သိပ်တွေ့ မြင်နိုင်မည်မဟုတ်သော်လည်း ၎င်းအတွက် ကြောင့် ဤအကြောင်းအရာ၏ အရေးပါမှု အားလျော့သွားမည်မဟုတ်ပေ။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်းအနေနှင့် ရခိုင်ပြည်နယ်တွင် ဖော်ထုတ်တွေ့ ရှိရသည်မှာ မူစလင်လူမှုအသိုင်းအဝိုင်းအား သီးသန့်ချန်လှပ်၍ ခွဲခြားဆက်ဆံသော စနစ်တစ်ခုပင်ဖြစ်သည်။

ဤရိုဟင်ဂျာအရေးကိစ္စသည် အလွန်ပင်ပြင်းထန်ဆိုးရွားလှသဖြင့် စနစ်တကျ အကွက်ချကာ အရပ်သားများအပေါ် တိုက်ခိုက်မှုတစ်ခု အဖြစ်ပင် သတ်မှတ်နိုင်ရာ ဤအခြင်းအရာသည် ရိုဟင်ဂျာများ၏ တိုင်းရင်းသား (သို့မဟုတ် လူမျိုး) အထောက်အထားကိစ္စဖြင့် ရှင်းလင်းစွာ ချိတ်ဆက်နေသဖြင့် နိုင်ငံတကာ ဥပဒေများအရကြည့်ရှုပါလျှင် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော လူမျိုးရေးခွဲခြားဆက်ဆံမှု ပြစ်မှုတစ်ခုအဖြစ် တရားဝင် သတ်မှတ်နိုင်ပေသည်။

ဤလူမျိုးရေးခွဲခြားဆက်ဆံမှုစနစ်အား ကြည့်ရှုလျှင် ၎င်း၏ သိသာထင်ရှားပုံ နှင့် ၎င်းအား ကျင့်သုံးပုံ နှစ်မျိုးစလုံးတို့သည် လက်ရှိ ရခိုင်ပြည်နယ် အရေးအခင်း၏ အရင်းခံ အကြောင်းအရင်းများအား နားလည်သဘောပေါက်နိုင်ရန် နှင့် ဖြေရှင်းမှုနည်းလမ်းအား ဖော်ထုတ်နိုင်ရန် နှစ်မျိုးစလုံးအတွက် အရေးပါကြောင်း တွေ့ ရှိရပေမည်။ မြန်မာအာဏာပိုင်များက လက်ရှိ ရခိုင်ပြည်နယ်မှ အခြေအနေအား ပြည်တွင်း ဖိအားတင်းမာမှုတစ်ခုအဖြစ်သော် လည်းကောင်း လတ်တလောတွင်မှ "အကြမ်းဖက်မှု" တစ်ခုအဖြစ်သော် လည်းကောင်း လျှင်မြန်စွာ အပြစ်လွှဲချဆောင်ရွက်နိုင်ခဲ့သော်ငြား စင်စစ်တွင်မူ ရိုဟင်ဂျာ နှင့် ရခိုင်ပြည်နယ်အတွင်းမှ အခြားသော မွတ်စလင် အသိုင်းအဝိုင်းများအား ခွဲခြားသီးသန့်ချန်လှပ်ထားသည့် စနစ်ကို နိုင်ငံတော်ကိုယ်တိုင် အဓိက အခန်းကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်နေသည်ဟု ဆိုနိုင်ပေသည်။

ဤအခြေအနေအား ဆက်လက်တည်ရှိနေခွင့် မပြုသင့်ပေ။ ဤသည်မှာ လက်မခံနိုင်သော၊ တရားမဝင်သော၊ သင့်တော်မှုမရှိသော အခြေအနေတစ်ခု ဖြစ်သည်။ အခြေခံအကြောင်းအရင်းများအား ကိုင်တွယ်ခြင်းမပြုဘဲ၊ အထူးသဖြင့် နှစ်ပေါင်းများစွာ နိုင်ငံတော်ကိုယ်တိုင်က စနစ်တကျ အကွက်ချစီစဉ်၍ အခွင့်အရေး ချိုးဖောက်နေမှုများအား ကိုင်တွယ်စီမံခြင်းမပြုဘဲနှင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ ဒုက္ခသည်ခိုလှုံသူများ၏ အကျဉ်းအကျပ် အခြေအနေအား ဖြေရှင်းနိုင်မည်ဟု မျှော်လင့်၍ မရနိုင်ပေ။

ဤသည်အား ဆောင်ရွက်ရန်ပျက်ကွက်ပါလျှင် ခွဲခြားဆက်ဆံမှု၊ လူသားများ၏ နစ်နာခံစားရမှုနှင့် ပဋိပက္ခအခြေအနေအား ပိုမိုဆိုးရွားစေမှုတို့ကိုသာလျှင် ဆက်လက် ဖြစ်မြဲဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ဤလူမျိုးရေးခွဲခြားဆက်ဆံမှုစနစ်အား တစ်စစီ ဖျက်သိမ်းပစ်ရန် အလွန်အရေးကြီးလှပေသည်၊ သို့မှသာလျှင် မြန်မာနိုင်ငံတွင် နှောက်ယှက်ဖျက်ဆီးမှု၊ ဆင်းရဲမွဲတေမှုများကြောင့် အသက်ကိုပင်စွန့်စား၍ နေရပ်စွန့်ခွာထွက်ပြေးခဲ့သော ရိုဟင်ဂျာ ထောင်သောင်းချီမှာ ဂုဏ်သိက္ခာရှိစွာဖြင့် နေရပ်ပြန်နိုင်မည်ဖြစ်ကာ ရခိုင်ပြည်နယ်အတွင်း ဆက်လက် နေထိုင်လျက်ရှိကြပြီး ဤထိတ်လန့်ဖွယ်အုပ်ချုပ်မှုစနစ်လက်အောက်မှ ရိုဟင်ဂျာ ထောင်သောင်းချီအတွက်လည်း တန်းတူညီမျှမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

## အခြေခံအကြောင်းအရင်းများအား နားလည်သဘောပေါက်အောင်ဆောင်ရွက်ခြင်း - လူ့အခွင့်အရေးများ စနစ်တကျအကွက်ချစီစဉ် ငြင်းပယ်ခံရမှု

2012 ခုနှစ်မှစတင်ပြီး ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ မူဝါဒထုတ်ပြန်မှုများသည် ရိုဟင်ဂျာနှင့် အခြားသော မွတ်စလင် အသိုင်းအဝိုင်း များအား ကျန်ရှိသည့် ရခိုင်ပြည်နယ်မှ အသိုင်းအဝိုင်းများဖြင့်သော်လည်းကောင်း၊ ပို၍ဆိုးရွားသည်မှာ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအဖြစ်မှ သော်လည်းကောင်း ခွဲခြားသီးသန့်ဖယ်ထုတ်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေထိုင်လျက် ရှိကြသည့် ရိုဟင်ဂျာလူထုအပေါ် ကာလရှည်ကြာ ကန့်သတ်ချက်ထုတ်ပြန်မှုများ ပိုမို တင်းကျပ်လာပြီး၊ ခွဲခြားဆက်ဆံမှုပြုသည့် မူဝါဒများ ပိုမိုကျယ်ပြန့်လာရုံမက ယခုအခါတွင်မူ နိုင်ငံတစ်ဝှမ်းမှ မွတ်စလင်များအပေါ်တွင်ပင် သက်ရောက်မှုရှိနေပြီ ဖြစ်ပါသည်။ ယနေ့အခါတွင် ရိုဟင်ဂျာများ နှင့် အခြားသော မွတ်စလင်များတို့၏ နေထိုင်မှုဘဝများသည် ရှုထောင့်ဘက်ပေါင်းစုံမှ ကန့်သတ်တားမြစ်ခံနေရပြီး၊ ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံနေရလျက်ရှိပါသည်။

## နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံရမှု

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများထံတွင် ရှင်းလင်းသော တရားဝင် အထောက်အထားမရှိပေ။ ၎င်းတို့အများစုမှာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်းမရှိသဖြင့် "ဒုတိယအဆင့် နိုင်ငံသားများ" အဖြစ်ပင် သတ်မှတ်၍မရနိုင်ပေ၊ ခွဲခြားဆက်ဆံသည့် ဥပဒေများ၊ မူဝါဒများ နှင့် ကျင့်စဉ်များ၊ အထူးသဖြင့် 1982 ခုနှစ် နိုင်ငံသားဖြစ်ခွင့်ဥပဒေနှင့် ၎င်း၏ သက်ဆိုင်ရာ ဥပဒေများအရ ၎င်းတို့သည် နိုင်ငံသားဖြစ်ခွင့်ရရှိဖို့ မဖြစ်နိုင်ပေ။ ရခိုင်ပြည်နယ်အတွင်းမှ လူမျိုးရေး နောက်ခံအပေါ်အခြေခံပြီး ခွဲခြားဆက်ဆံသော ဥပဒေသည် ရိုင်ဟင်ဂျာများ၏ နိုင်ငံသားဖြစ်ခွင့် နှင့် နိုင်ငံသားဖြစ်မှုအခြေအနေအား ပယ်ဖျက်ရန် အတွက် မြန်မာအာဏာပိုင်များမှ ကျင့်သုံး အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သော နည်းလမ်းတစ်ခုဖြစ်သည်။ ဥပဒေအတွင်း သတ်မှတ်ထုတ်ပြန် ထားချက်အရ ရိုဟင်ဂျာများအား မြန်မာနိုင်ငံ၏ "တိုင်းရင်းသား မျိုးနွယ်" တစ်ခုအဖြစ် မသတ်မှတ်ပေ၊ ဤအခြေအနေသည် "ကျွန်ုပ်တို့ နှင့် သူတို့" ဟူသော ရှင်းလင်းစွာ မြင်တွေ့ နိုင်သည့် "လူမျိုးရေး" ရှုထောင့်တစ်ခုအား ဖန်တီးဖြစ်ပေါ်စေသည်။

အခြေအနေအား ပို၍ပင် ဆိုးရွားစေသည်မှာ ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များသည် ရိုဟင်ဂျာများ၏ အရေးကြီးသော သက်သေအထောက်အထား နှင့် နေထိုင်မှု စာရွက်စာတမ်းများအား ချို့တဲ့ကင်းမဲ့စေရန် မူဝါဒချမှတ်မှုများအတွင်း ပါဝင်နေခြင်းဖြစ်သည်။ ရိုဟင်ဂျာမိသားစုများအနေနှင့် အသစ် မွေးကာစ ရင်သွေးများအား စာရင်းသွင်းရန်အတွက် ကြီးမားသော အခက်အခဲများအား ရင်ဆိုင်နေကြရသည်၊ အချို့သော အခြေအနေများတွင်မူ ဖြစ်ပင်မဖြစ်နိုင်ပေ။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ နှစ်စဉ်ဆောင်ရွက်သော "အိမ်ထောင်စု စစ်ဆေးမှုများ" ကာလအတွင်း ရှိမနေသော ရိုဟင်ရှာများသည် တရားဝင် နေထိုင်မှု စာရင်းများ အတွင်းမှ ပယ်ဖျက်ခံရမည့် အခြေအနေကို ကြုံတွေ့ ခံစားနေကြရသည်။ နေထိုင်ကြောင်း သက်သေအထောက်အထား မရှိပါကအနာဂါတ်တွင် နိုင်ငံသားဖြစ်ခွင့်ရရှိရန် အလွန်တရာပင် ခက်ခဲနိုင်ရာ အကြမ်းဖက်မှုများဖြင့် နှင်ထုတ်ခံရ၍ဖြစ်စေ ပညာရေးနှင့် ဘဝနေထိုင်မှု အခွင့်အလမ်းများအတွက် ထွက်ခွာလာခဲ့သူများဖြစ်စေ ၎င်းမြန်မာနိုင်ငံမှ ထွက်ခွာခဲ့သူများသည် ပြန်လည်ဝင်ရောက်ဖို့အတွက် လုံးဝမဖြစ်နိုင်တော့သည့် သဘောရှိနေသည်။

နိုင်ငံသားဖြစ်ခွင့် "သက်သေအထောက်အထားပြမှု" လုပ်ငန်းစဉ်မှတစ်ဆင့် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုအခြေအနေအား ဖြေရှင်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများသည် လွန်စွာ ပြဿနာရှိနေပြီး၊ 1982 ခုနှစ် နိုင်ငံသားဖြစ်ခွင့်ဥပဒေအား အခြေခံတစ်ခုအဖြစ် ဆက်လက် အသုံးပြုသမျှ ကာလပတ်လုံး လည်း ဆက်လက် ပြဿနာရှိနေအုံးမည်ဖြစ်ပါသည်။ ဤဥပဒေသည် လူမျိုးရေးအခြေခံ၍ ခွဲခြားထားသော ဥပဒေတစ်ခုဖြစ်ပြီး၊ နိုင်ငံသား "အဆင့်အတန်း" အမျိုးမျိုးကို မွေးထုတ်ပေးသည်ဟု ဆိုနိုင်ပါသည်၊ ၎င်းဥပဒေအရ အချို့သောသူများသည် အခြားသူများထက် အခွင့်အရေးများ ပိုမို ရရှိခွင့်ရှိနေသည်။ ဤသို့ နိုင်ငံသားဖြစ်ခွင့်မရှိမှုသည် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့် အလမ်းများ ရရှိခွင့်တို့ကဲ့သို့ အခြားသော အခွင့်အရေးများအား ရရှိလိုသည့် ရိုဟင်ဂျာများအပေါ် အနုတ်လက္ခဏာသက်ရောက်မှုများ ဖြစ်ပေါ်စေပေသည်။

## လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်အား ပြင်းထန်စွာ ကန့်သတ်ထားမှု

ကာလကြာရှည်စွာတည်ရှိနေခဲ့သော ရိုဟင်ဂျာများအပေါ်ချမှတ်ထားသည့် သွားလာလှုပ်ရှားမှုကန့်သတ်ချက်များသည် 2012 ခုနှစ်မှ စတင်၍ ပိုမို တင်းကျပ်လာ ကျယ်ပြန့်လာခဲ့သည်။ ဤသို့လှုပ်ရှားသွားလာခွင့် ကန့်သတ်မှုများတွင် ယခင်အစိုးရမှ အထူးသဖြင့် ရိုဟင်ဂျာများအပေါ် ချမှတ်ထားခဲ့သည့် ကန့်သတ်ချက်များနှင့် မွတ်စလင် အသိုင်းအဝိုင်းများ အပေါ် ပြည်နယ် တာဝန်ရှိသူများမှ ယေဘုယျအားဖြင့် နှုတ်ဖြင့်အသိပေးထားသည့် တရားဝင်မဟုတ်

သော ကန့်သတ်ချက်များတို့ ပါဝင်ပေသည်။ အသိုင်းအဝိုင်းအတွင်း အကြမ်းဖက်မှုများဖြစ်ပေါ်မည်ကို ကြောက်ရွံ့သဖြင့် သွားလာလှုပ်ရှားမှုများအား ကိုယ်တိုင်ကန့်သတ်ထားခြင်းများကိုလည်း တွေ့ ရှိရသည်။ သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များအား ပြည်နယ်၏ ဒေသအသီးသီးတွင် တစ်မျိုးစီ ကွဲပြားခြားနားစွာတွေ့ ရှိနိုင်ပြီး၊ နေရာအားလုံးတွင် မွတ်စလင်လူထုအပေါ် ခွဲခြားဆက်ဆံသည့်အနေဖြင့် ပစ်မှတ်ထားဆောင်ရွက်ခြင်းဖြစ်ကာ ၎င်းတို့အား အခြားသော လူမှုအသိုင်းအဝိုင်းများမှ ကွဲထွက်နေစေရန်အတွက်ဌာ ၎င်းတို့၏ လှုပ်ရှားမှုကို ထိန်းချုပ်သတ်မှတ်ထားခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများအားလုံးသည် မြို့နယ်တစ်ခုနှင့်တစ်ခုအကြားသွားလာရန်၊ ပြည်နယ်အတွင်းမှထွက်ခွာ၍ နိုင်ငံ၏ အခြားသော ဒေသများသို့ လည်ပတ်သွားလာရန် တရားဝင် ခွင့်ပြုချက်အား ရယူဖို့လိုအပ်ပေသည်။ ၎င်းခွင့်ပြုချက်များအားလည်း အချိန်အရမ်းကုန်သော ဗျူရိုကရက်တစ်စနစ် လုပ်ငန်းစဉ်အားဖြင့်သာလျှင် ရရှိနိုင်သည်။ မကြာသေးမီ အချိန်ကအထိ မြန်မာနိုင်ငံ၏ ရိုဟင်ဂျာများ အများစု၏ နေအိမ်ဖြစ်ခဲ့သော မြောက်ပိုင်း မောင်းတော နှင့် ဘူးသီးတောင်မြို့နယ်များတွင်ပင်လျှင် ကျေးရွာတစ်ရွာနှင့် တစ်ရွာအကြား သွားလာရန် ခွင့်ပြုချက်များ၊ စစ်ဆေးရေးဂိတ်များဖြင့် တင်းကျပ်စွာ ထိန်းချုပ်ထားပြီး၊ ရိုဟင်ဂျာများသည် ခြိမ်းခြောက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် အခြားသော သွေးအေးရက်စက်မှုများပါအပါအဝင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် ခြောက်လှန့်တောင်းယူမှုများတို့အပေါ် ခုခံကာကွယ်နိုင်စွမ်းမဲ့ခဲ့ရသည်။ ဆက်လက်ပြီး နေအိမ်မှမထွက်ခွာရန်၊ ညအချိန်တွင် အပြင်ထွက်ခြင်းမပြုရန် "အပြင်မထွက်ရ" အမိန့်များအားလည်း ဒေသအတွင်း မသင့်တော်စွာ ချမှတ်ထားရာ လူများသည် သွားလာလှုပ်ရှားမှုကန့်သတ်ချက်များအား ပိုမိုဆိုးရွားစွာ ကြုံတွေ့နေရပေသည်။

ရိုဟင်ဂျာများ နှင့် ရခိုင်ပြည်နယ်၏ အခြားသော ဇရိယာများအတွင်း နေထိုင်လျက်ရှိကြသည့် အခြားသော မူစလင် အသိုင်းအဝိုင်းများသည် မိမိတို့၏ ကျေးရွာများအတွင်းဖြစ်စေ၊ သို့မှမဟုတ် 2012 ခုနှစ် အကြမ်းဖက်မှုအပြီး ပေါ်ပေါက်လာသော နေရာချစခန်းများအတွင်းဖြစ်စေ ကန့်သတ်ထားရှိခံ ထားရရာ ပြည်နယ်အတွင်း စိုးရိမ်ဖွယ်အနေအထားတစ်ခု ဖြစ်လာခဲ့သည်။ ၎င်းဇရိယာများအတွင်း ရိုဟင်ဂျာများနှင့် အခြားသော မူစလင်အသိုင်း အဝိုင်းများတို့သည် မိမိတို့၏ အနီးစပ်ဆုံး မြို့နယ်များသို့သော်လည်းကောင်း၊ ရခိုင်ပြည်နယ် အလယ်ပိုင်းမြို့တော်များသို့သော်လည်းကောင်း သွားလာလည်ပတ်နိုင်ခြင်းမရှိဘဲ အခြားသော မွတ်စလင်ကျေးရွာများသို့သာလျှင် ရေလမ်းကြောင်းများမှတစ်ဆင့် သွားလာနိုင်ပေသည်။

အုပ်စုအဖွဲ့များအကြား အခြေအနေတင်းမာမှုများသည်လည်း သွားလာလှုပ်ရှားမှုကန့်သတ်ချက်များတွင် အခန်းကဏ္ဍနေရာတစ်ခုမှ ပါဝင်နေပေသည်၊ ငါးနှစ်ကြာ သီးခြားဖယ်ချန်ခံရမှုသည် အကြမ်းဖက်မှုများ ဖြစ်ပေါ်မည်ကို စိုးရိမ်ထိတ်လန့်နေသော လူမှုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုအား သိသာစွာပင် တိုက်စားဖျက်ဆီးပစ်ခဲ့သည်။ ပြည်နယ်လုံခြုံရေးတပ်များအပေါ် အယုံအကြည်ကင်းမဲ့မှု နှင့် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများအပေါ် ထိရောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြည်နယ်အစိုးရမှ ပျက်ကွက်မှုတို့သည် အခြေအနေအား ပို၍ပင် ဆိုးရွားလာစေခဲ့သည်။ အားလုံးသော လူမှုအသိုင်းအဝိုင်းများ၊ အထူးသဖြင့် ရိုဟင်ဂျာများနှင့် အခြားသော မွတ်စလင်များတို့သည် ခွဲခြားဆက်ဆံမှုအား တွန်းအားပေးသည့် ပြည်နယ် မူဝါဒထုတ်ပြန်ချက်များအား ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။

## စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ ကျယ်ပြန့်စွာ ချိုးဖောက်ခံနေရမှု

သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များနှင့် အခြားသော သီးခြားဖယ်ချန်မှု မူဝါဒများတို့၏ အကျိုးဆက်သည် အခြားသော အခွင့်အရေးများ ခံစားရရှိနိုင်ခွင့် အပေါ်တွင်လည်း သက်ရောက်မှုရှိနေပြီး၊ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများ နှင့် မွတ်စလင်များတို့သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ဘဝနေထိုင်မှုအခွင့်အလမ်းများအား ခံစားရရှိနိုင်ခြင်းမရှိ ဖြစ်နေသည်။

ရိုဟင်ဂျာများနှင့် အခြားသော မွတ်စလင်များသည် အရေးပေါ် အသက်ကယ်ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုများအပါအဝင် ကျန်းမာရေး စောင့်ရှောက်မှုအား ရရှိနိုင်ရန်ဌာ အမျိုးမျိုးသော အာဏာရှင်ဆန်ဆန် ကန့်သတ်ချက်များအားလည်း ရင်ဆိုင်ကြရသည်။ မြောက်ပိုင်း မောင်းတော နှင့် ဘူးသီးတောင်မြို့နယ်များတွင် သွားလာရန်ခွင့်ပြုချက်များနှင့် စစ်ဆေးရေးဂိတ်များတို့ကြောင့် ရိုဟင်ဂျာများအနေနှင့် ဒေသခံဆေးရုံများ၊ ကျန်းမာရေး စင်တာများ နှင့် ဆေးပေးခန်းများသို့ သွားလာရန် ကြန့်ကြာခက်ခဲနေရသည့်ကြားမှ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ချက်သည်လည်း ညအချိန် အရေးပေါ် အခြေအနေအတွက် ကြီးစွာသော အတားအဆီးကို ဖြစ်ပေါ်စေသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ မြို့နယ်များတွင် ရိုဟင်ဂျာများသည် မိမိတို့၏ အနီးစပ်ဆုံး မြို့နယ်များသို့ သွားလာခြင်းမပြုနိုင်ပေ၊ သို့ဖြစ်ရာ အနီးစပ်ဆုံး ဆေးရုံများသို့လည်း သွားလာနိုင်ခြင်းမရှိပေ။ ပြည်နယ်တစ်ဂှမ်း နေထိုင်လျက်ရှိသော မွတ်စလင်များသည် ပြင်းထန်သော ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေရှိမှသာလျှင် အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက်နှင့်အတူ ဂန်ဆောင်မှုများပိုမိုပြည့်စုံသော စစ်တွေ အထွေထွေဆေးရုံသို့ သွားရောက်နိုင်ပေသည်။ သို့သော် ဤသို့ ဆေးရုံတက်ရောက်ခွင့်ရရှိသူများသည်လည်း ငွေညှစ်တောင်းဆိုမှုများအား ရင်ဆိုင်ရသည့် သီးခြားအဆောင်များအတွင်း ထားရှိခံထားရသည်။

2012 ခုနှစ်ကတည်းကပင် ခွဲခြားဖယ်ချန်ခံရမှုများကြောင့် ရခိုင်ပြည်နယ် ကျေးရွာများမှ မွတ်စလင်ကလေး တော်တော်များများသည် တိုင်းရင်းသား ရခိုင်ကလေးငယ်များနှင့်အတူ ကျောင်းတက်ရန် ခွင့်ပြုခြင်းမခံရသောကြောင့်ဖြစ်စေ၊ သို့မှမဟုတ် အစိုးရ ဆရာ၊ ဆရာမများမှ မွတ်စလင်ကျေးရွာများ နှင့် ကျေးရွာလမ်းကြောများရှိ ကျောင်းများသို့ သွားရောက်ရန် ငြင်းဆန်ကြသောကြောင့်ဖြစ်စေ တရားဝင် အစိုးရပညာရေးအား သင်ကြားခွင့် မရရှိခဲ့ပေ။ အစိုးရမှလည်း အခြားရွေးချယ်စရာ နည်းလမ်းများအား ထောက်ပံ့ပေးရန် ပျက်ကွက်ခဲ့ရာ ရလဒ်အနေနှင့် မူစလင်ကျောင်းသားများသည် ဆရာဖြစ် သင်တန်းပို့ချမှုရရှိထားခြင်းမရှိသော ဆရာ၊ဆရာမများဖြင့် ခန့်အပ်ထားသည့် ဒေသခံအသိုင်းအဝိုင်း စာသင်ကျောင်းများကိုသာ မှီခိုကြရသည်။ ဤသို့သော အစိုးရကန့်သတ်ချက်များသည် တစ်နည်းအားဖြင့်ဆိုလျှင် မွတ်စလင်များအား 2012 ခုနှစ်မှစတင်ပြီး စစ်တွေရှိ စစ်တွေတက္ကသိုလ်တွင် ပိုမို မြင့်မားသော အဆင့်မြင့်ပညာရေးအား သင်ယူနိုင်ခွင့် မရှိစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရိုဟင်ဂျာများအနေနှင့် ရခိုင်ပြည်နယ်ပြင်ပသို့ သွားလာနိုင်ခြင်းမရှိသည်ဖြစ်ရာ ၎င်းတို့အနေနှင့် တက္ကသိုလ်ပညာရေးအား သင်ယူခွင့်မရှိခြင်းပင်ဖြစ်သည်။ ဤသို့ပညာရေး သင်ယူခွင့်မရှိဘဲနှင့် ရိုဟင်ဂျာများ နှင့် အခြားသော မွတ်စလင်များတို့သည် မိမိကိုယ်ကို နှင့် မိမိတို့၏ မိသားစု ဘဝ ပိုမိုကောင်းမွန်လာစေရန် တည်ဆောက်နိုင်ဖို့ ခက်ခဲမည်မှာ အသေအချာပင်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် အလွန်အမင်း ဆင်းရဲသော ပြည်နယ်တစ်ခုဖြစ်ပြီး၊ အားလုံးသော လူမှုအသိုင်းအဝိုင်းများသည် အလုပ်အကိုင် အခွင့်အလမ်း ကင်းမဲ့မှုဒဏ်ကို ခံစားနေကြရသည့်ကြားမှ ရိုဟင်ဂျာများ နှင့် အခြားသော မူစလင်အသိုင်းအဝိုင်းများအား လယ်ယာ၊ ငါးဖမ်းဇရိယာများ နှင့် ဒေသခံဈေးများကဲ့သို့ ၎င်းတို့၏ သက်မွေးဂမ်းကျောင်းအမှီပြုနိုင်သည့် နေရာများသို့ ဂင်ရောက်သွားလာခွင့် ကန့်သတ်ထားရာ အခြေအနေအား ပိုမိုဆိုးရွားစေသကဲ့သို့ရှိပေသည်။ ဤအခြေအနေ၏ ရှောင်လွှဲ၍မရနိုင်သော ရလဒ်မှာ ရိုဟင်ဂျာများ နှင့် အခြားသော မွတ်စလင်များ အများစုသည် ဆင်းရဲစွာနေထိုင်နေရခြင်းပင်ဖြစ်သည်။ ရိုဟင်ဂျာ အများအပြားသည် ၎င်းတို့၏ အခြေခံ ရှင်သန်ရပ်တည်မှုအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များအပေါ် မှီခိုနေကြရသည်ဖြစ်ရာ အစိုးရ၏ နိုင်ငံတကာ အထောက်အပံ့များဂင်ရောက်မှုအပေါ် ကန့်သတ်ချက်သည် ၎င်းတို့၏ အခြေအနေနှင့် အစားအသောက်ဖူလုံရေးကို ပိုမို ခြိမ်းခြောက် လာလျက်ရှိသည်။ UN အေဂျင်စီများ၏ အဆိုအရ မကြာသေးမီအထိ ရိုဟင်ဂျာများ အများစု

နေထိုင်ခဲ့သော ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အထူးသဖြင့် ကလေးများသည် အစာအဟာရချို့တဲ့မှုဒဏ်ကို အန္တရာယ်သတိထားဖွယ် အခြေအနေတစ်ခုအထိ ကြုံတွေ့နေရလျက် ရှိသည်။

## လူမှုရေး နှင့် နိုင်ငံရေးကဏ္ဍများအတွင်း ဖယ်ချန်ခံရမှုစနစ်

ရခိုင်ပြည်နယ်အတွင်းရှိ မူစလင်အသိုင်းအဝိုင်းများသည် ၎င်းတို့၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တွင်လည်း အတားအဆီးများ ကြုံတွေ့ရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းများအတွင်း တစ်နေရာတည်း၌ လူ 4ဦးထက်ပိုပြီး စုဝေးခွင့်အား တားမြစ်ထားရာ ဤသည်မှာ အတူတကွ စုဝေးကိုးကွယ်မှုအား တားမြစ်ထားသည်ပင်ဖြစ်သည်။ ၎င်းတို့မှ ဝတ်ပြုကိုးကွယ်ရန် - လျှို့ ဝှက်၍ - စုဝေးကြသည့်အခါတွင်လည်း ဖမ်းဆီးခံရမှု သို့မဟုတ် ငွေခြိမ်းခြောက်တောင်းယူမှုများတို့အား ကြုံတွေ့ ကြရသည်။ မြန်မာပြည်တစ်ပှမ်းလုံးအပါအဝင် ရခိုင်ပြည်နယ်တစ်လျှောက်တွင် မွတ်စလင် အသိုင်းအဝိုင်းများသည် ဗလီများ နှင့် အခြားသော ဘာသာရေးအဆောက်အဦးများအား ပြန်လည်မွမ်းမံပြင်ဆင်ရန် ကြီးစွာသော အခက်အခဲပေါင်း များစွာဖြင့် ရင်ဆိုင်ကြရသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းအပြင်ဘက်မှ မြို့နယ်များတွင် ဗလီများ ပိတ်ချခံရပြီး၊ 2012 ခုနှစ် အကြမ်းဖက်မှု ကတည်းကစပြီး ဒီအတိုင်းကျန်ရှိနေလျက် ရှိသည်။

သွားလာလှုပ်ရှားခွင့် ကန့်သတ်ချက်များ၊ ထို့ပြင် သီးသန့်ဖယ်ချန်ထားမှု မူဝါဒများတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများ နှင့် မွတ်စလင်များအတွက် စုဝေးမှုပြုရန်၊ ရွေ့လျားသွားလာရန် နှင့် မိမိတို့အခွင့်အရေးများအတွက်ဗှာ စုပေါင်းပိုင်းဂန်းအကြံပြုရန် မဖြစ်နိုင်အောင် ဆောင်ရွက်နေသကဲ့သို့ရှိသည်။ ပြင်ပကမ္ဘာဖြင့် အဆက်အသွယ်ဖြတ်ထားခံရပြီး၊ ဆန္ဒထုတ်ဖော်သူများမှာမူ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း သို့မဟုတ် အခြားသော သွေးအေးရက်စက်မှုများအား ခံစားရနိုင်ခြေရှိသည်။ ထို့ပြင် ရိုဟင်ဂျာများသည် ၎င်းတို့၏ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်းမရှိသည့် အခြေအနေကြောင့် 2015 ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်လည် ပါဝင်မဲပေးခွင့် ချန်လှပ်ခံထားရသည်။ 2015 ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်ခွင့် လျှောက်ထားသည့် ရိုဟင်ဂျာများ အားလုံးသည်လည်း ၎င်းတို့၏ နိုင်ငံသားဖြစ်မှု အထောက်အထားများကြောင့်ဖြစ်စေ ၎င်းတို့မိဘများ၏ နိုင်ငံသားဖြစ်မှု အထောက်အထားများကြောင့်ဖြစ်စေ အရည်အချင်းမပြည့်မီသူများအဖြစ် သတ်မှတ်ပယ်ဖျက်ခံရရာ ဤခွဲခြားဆက်ဆံမှုအခြေအနေအား ပိုမို ထင်ရှားစေပေသည်။ ရလဒ်အနေနှင့်မူ ရိုဟင်ဂျာ ထောင်ပေါင်းများစွာသည် နိုင်ငံရေးပိုင်းကဏ္ဍမှ နိုင်ငံသားအခွင့်အရေးများရုပ်သိမ်းမှုကို ခံစားခဲ့ရသည်။

ဤသို့သော လူမှုရေး နှင့် နိုင်ငံရေးပိုင်းကဏ္ဍ ဖယ်ချန်ခံရမှုသည် 2017 ခုနှစ်၊ ဩဂုတ်လ တိုက်ခိုက်မှုများအပြီးတွင် ပို၍ပင် နက်ရှိုင်း ဆိုးရွားလာခဲ့သည်။ ရခိုင်ပြည်နယ်၊ ထို့မျှမက မြန်မာနိုင်ငံတစ်ပှမ်းလုံးအတိုင်းအတာဖြင့် အခြေအနေတင်းမာမှုများ မြင့်မားလာခဲ့ပြီး၊ အထူးသဖြင့် ရိုဟင်ဂျာဆန့်ကျင်မှု နှင့် မွတ်စလင်ဆန့်ကျင်မှုအမြင်များ တိုးပွားလာခဲ့သည်။ အရပ်သားအစိုးရသည်လည်း အခြေအနေတင်းမာမှုများအား လျော့ကျစေရန် သို့မဟုတ် ခွဲခြားဆက်ဆံမှုများမြင့်တက်လာခြင်းကို တိုက်ဖျက်ရန် နှင့် အမုန်းတရားများအား ဖြန့်ဖြေပေးရန် ပျက်ကွက်ခဲ့သည်။ ၎င်းအစား ရိုဟင်ဂျာများနှင့်ပတ်သက်ပြီး ယုတ်ညံ့သော ထွက်ဆိုချက်များ အားဖြင့် အခြေအနေအား မီးလောင်လေပင့်ဆောင်ရွက်ခဲ့ပြီး၊ ရခိုင်ပြည်နယ်အတွင်း လည်ပတ်နေသည့် နိုင်ငံတကာ ထောက်ပံ့ရေးအဖွဲ့အစည်းများအပေါ် တာဝန်မဲ့ စွပ်စွဲချက်များ ပြုလုပ်ခဲ့သည်။

တစ်ချိန်တည်းတွင်ပင် မကြာသေးမီကသော စစ်ရေးလှုပ်ရှားမှု စည်းရုံးလှုပ်ရှားမှု လမ်းစဉ် များအတောအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ဆိုးရွားလှသော အကြမ်းဖက်မှုများအတွက် အစိုးရမှ တာဝန်ယူမည့် လက္ခဏာအားလည်း မတွေ့ ရှိရပေ။ နိုဝင်ဘာလလယ်လောက်တွင် ပြည်တွင်းစစ်တပ်မှ ထွက်ဆိုချက်အရ လုံခြုံရေးတပ်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ တစ်စုံတစ်ရာကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

## လူမျိုးရေးခွဲခြားမှုစနစ်နှင့် ပြစ်မှု

ပြည်နယ်၏ အစိတ်အပိုင်းတစ်ခုစီတိုင်းအားကြည့်ရှုလျှင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်သာမ မြန်မာပြည်တစ်ပှမ်းလုံးတွင် ယေဘုယျအားဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအသိုင်းအဝိုင်း နှင့် မွတ်စလင်များအပေါ် ခွဲခြားဆက်ဆံ၊ ဖယ်ချန်မှုများကို တွေ့ ရှိရပေမည်။ ဤအစီရင်ခံချက်အတွင်းဖော်ပြထားသည့် ခွဲခြားဆက်ဆံမှု နှင့် ဖယ်ချန် အုပ်ချုပ်မှုများအား အမျိုးမျိုးသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ မူဝါဒများ နှင့် ကျင့်စဉ်များတို့အားဖြင့် ဖန်တီးဆောင်ရွက်ထားသည်။ ရခိုင်ပြည်နယ် နှင့် မြန်မာပြည်အတွင်းရှိ တာဝန်ရှိသူများသည် ရိုဟင်ဂျာလူထု၏ ဘဝအပေါ် ၎င်းခွဲခြားဆက်ဆံမှု၏ ကြမ်းကြုတ်သော အကျိုးဆက်များအား သတိပြုမိခြင်းမရှိဘဲ၊ သို့မဟုတ် အပြည့်အဝ တာဝန်ယူခြင်း မရှိဘဲ အဆိုပါစနစ်အား ဆက်လက်ထိန်းသိမ်း၊ ကျင့်သုံးနေသည်ဆိုသည်မှာ လုံးဝမဖြစ်သင့်ပေ။

ဤအစီရင်ခံချက်အတွင်း တင်ပြထားသည့် ရှာဖွေတွေ့ ရှိချက်များအား ဂရုတစိုက် စဉ်းစားဆုံးဖြတ်ပြီးသည့်နောက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်းအနေနှင့် အဆုံးသတ် ကောက်ချက်ချမှတ်ခဲ့သည်မှာ ဤဥပဒေများ၊ မူဝါဒများ နှင့် ကျင့်စဉ်များတို့သည် အရပ်သားလူထုအပေါ် စနစ်တကျ အကွက်ချ တိုက်ခိုက်မှု၏ အစိတ်အပိုင်း ပုံစံတစ်ခုပင်ဖြစ်ကြောင်း၊ ဤတိုက်ခိုက်မှုအတိုင်းအတာအတွင်းမှ ကျူးလွန်သောပြစ်မှုများသည် နိုင်ငံတကာဥပဒေများအရ သတ်မှတ်ထားသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်မှုပြစ်မှုများထဲတွင် ပါဝင်နေကြောင်း ဆုံးဖြတ်ခဲ့သည်။ အထူးသဖြင့် ရိုဟင်ဂျာများအပေါ် သီးသန့်ဖယ်ချန်၍ လူမျိုးရေးအခြေခံသော ခွဲခြားဆက်ဆံမှု၊ ၎င်းတို့အား “အပြင်လူများ” အဖြစ် သတ်မှတ်ထားပုံ၊ ထို့ပြင် ဤလူမှုအသိုင်းအဝိုင်းအား သီးသန့်ဖယ်ချန်လွှမ်းမိုးထားသည့် ဥပဒေများ၊ မူဝါဒများ နှင့် ကျင့်စဉ်များတို့သည် လူမျိုးရေး ခွဲခြားမှုစနစ်၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုတစ်ခုအဖြစ် ကောက်ချက်ဆွဲသတ်မှတ်ရပေမည်။

လူမျိုးရေးခွဲခြားဆက်ဆံမှု ပြစ်မှုအပေါ် ဖိနှိပ်မှုနှင့် ပြစ်ဒဏ်ပေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်နှင့် နိုင်ငံတကာပြစ်မှုခုံရုံး (ICC) ၏ ရောမ ဥပဒေပြဋ္ဌာန်းချက်တို့အရ လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုသည်မှာ အာဏာအား ထိန်းချုပ်ရန်ရည်ရွယ်ချက်ဖြင့် မျိုးနွယ်အုပ်စုတစ်စုမှ အခြားသော မျိုးနွယ်အုပ်စုတစ်ခုခု သို့မဟုတ် မျိုးနွယ်အုပ်စုများအပေါ် စနစ်တကျပြဋ္ဌာန်းဖွဲ့စည်းထားသည့် ဖိနှိပ်မှု၊ လွှမ်းမိုးချုပ်ကိုင်မှုများအားဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခြင်းပင်ဖြစ်ပြီး၊ ဤတွင် အမျိုးမျိုးသော ပြုမူဆောင်ရွက်ချက်များ ပါဝင်ပေသည်။ ဤအကြောင်းအရာနယ်ပယ်အတွင်း ကျူးလွန်သည့် အချို့သော ပြုမူဆောင်ရွက်ချက်များအား လူမျိုးရေးအခြေခံသည့် ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်ထားပြီး၊ ဤတွင် လူသတ်မှု၊ မုဒိန်းမှု နှင့် ညှဉ်းပန်းနှိပ်စက်မှု ကဲ့သို့သော မြင်သာထင်ရှားသည့် အကြမ်းဖက်မှုများအပြင်၊ အခြားသော မျိုးနွယ်အုပ်စု သို့မဟုတ် အုပ်စုများအား နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုအပိုင်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှုမှ တားမြစ်ထားပြီး ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များအား ငြင်းဆန်ထားသည့် ဥပဒေထုတ်ပြန်မှု၊ စီမံအုပ်ချုပ်မှု နှင့် အခြားသော တမင်ရည်ရွယ် ဆောင်ရွက်ချက်များတို့လည်း ပါဝင်ပေသည်။

ရခိုင်ပြည်နယ်တွင် တာဝန်ရှိသူများမှ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာအပါအဝင် အကြမ်းဖက်မှုပါဆောင်ရွက်သည့် ထင်ရှားသော ဥပမာတစ်ခုမှာ ရိုဟင်ဂျာများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုအပေါ် ပြင်းထန်သော ကန့်သတ်ချက်များ ချမှတ်ထားခြင်းဖြစ်ပြီး၊ ဤတွင် ရောမ ဥပဒေပြဋ္ဌာန်းချက်အရ အဓိပ္ပါယ်ဖွင့်ဆိုထားသော "ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှု ပြင်းထန်စွာ ချို့တဲ့ဆုံးရှုံးနေမှု" ဖြစ်မှုသည်လည်း အပါအဝင်ဖြစ်သည်။

2016 ခုနှစ်၊ အောက်တိုဘာလ နှင့် 2017 ခုနှစ်၊ ဩဂုတ်လ အတွင်း ရိုဟင်ဂျာ အရပ်သားလူထုအပေါ် မြန်မာလုံခြုံရေးတပ်များမှ ကျူးလွန်သော ပြစ်မှုများ၊ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိန်းမှု၊ အတင်းအကျပ် နေရာချထွေ့ပြောင်းမှု၊ ဖမ်းဆီးနှိပ်စက်မှု၊ ဖျောက်ဖျက်မှု နှင့် အခြားသော လူသားမဆန်သည့်အပြုအမူများတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် လူမျိုးရေးခွဲခြားဆက်ဆံမှု နောက်ဆက်တွဲ မြင်သာထင်ရှားမှုများ ပင်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းမှ အမြစ်တွယ်နေသည့် လူမျိုးရေးခွဲခြားမှုသဘောထားများသည်လည်း လက်ရှိအခြေအနေအတွင်း သိသာထင်ရှားသော အခန်းတစ်နေရာမှ ပါဝင်နေပြီး၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အုပ်စုအဖွဲ့များအကြား သဘောထားတင်းမာမှုများ နှင့် အယုံအကြည် ကင်းမဲ့မှုများတို့သာ တိုးမြင့်လာခဲ့သည်၊ စင်စစ် ဤသည်မှာလည်း အစိုးရမူဝါဒများ နှင့် ကျင့်စဉ်များတို့ဖြင့် တစ်မျိုးတစ်ဖုံ ပတ်သက်စပ်ဆက်နေခြင်း ပင်ဖြစ်သည်။ အစိုးရသည် ခွဲခြားဆက်ဆံမှုအား ရင်ဆိုင်ဖြေရှင်းရမည့်အစား ပျိုးထောင်မွေးယူနေလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ အခြေအနေများသည် ဆက်လက်ပြီး ပိုမိုရှုပ်ထွေးလာပေသည် - အထူးသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး နှင့် လူမှုရေး ကဏ္ဍများတွင် ဆက်လက်တောင့်ခံတည်ရှိနေသည့် စစ်တပ်၏ အခန်းကဏ္ဍပင်ဖြစ်သည်။ ဤအစီရင်ခံစာအတွင်း ဖော်ထုတ်ထားသည့် ချိုးဖောက်မှုများအတွက် တာဝန်ရှိသော၊ သို့မှမဟုတ် အကြမ်းဖက်အနိုင်ကျင့်မှုများအား ဟန့်တားရန် ပျက်ကွက်သော ဝန်ကြီးဌာနများ နှင့် ဌာနများအများအပြားသည် အရပ်သား အစိုးရ၏ စီမံအုပ်ချုပ်မှုလက်အောက်တွင် ရှိနေခြင်းမဟုတ်ဘဲ စစ်တပ်အာဏာပိုင်များ၏ လက်အောက်တွင် ရှိနေခြင်းဖြစ်သည်။ အထွေထွေစီမံ အုပ်ချုပ်မှုဌာန (GAD)၊ ရဲဌာန၊ နယ်ခြားစောင့်တပ်နှင့် စစ်တပ်ကိုယ်တိုင်သည် စစ်တပ် ဦးစီးချုပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး၊ ဖွဲ့စည်းပုံအရ ၎င်းအပေါ်တွင် အာဏာမရှိသော အရပ်သားအစိုးရလက်အောက်တွင် ရှိနေခြင်း မဟုတ်ပေ။ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နှင့် သူမ ဦးဆောင်သည့် အရပ်သားအစိုးရတို့သည် ဤအခြေအနေအတွက် ဖြေရှင်းမှုနည်းလမ်းတစ်ခုအား ရှာဖွေဖော်ထုတ်နိုင်သည့်တိုင် စင်စစ် စစ်တပ်မှ ပံ့ပိုးမှု သို့မဟုတ် သဘောတူညီမှုမရရှိဘဲဖြင့် အခြေအနေအား တိုးတက်ဆောင်ရွက်နိုင်မည့်ပုံ မပေါ်ပေ။

သို့မှမဟုတ်လျှင် အခြေအနေအား ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည်မဟုတ်ပေ။ ရိုဟင်ဂျာ လက်နက်ကိုင်အုပ်စုများ ပေါ်ထွက်လာမှုသည် ရခိုင်ပြည်နယ်ရှိ အခြေအနေအား ပိုမိုရှုပ်ထွေးသွားစေသည့်ကြားမှ လုံခြုံရေးတပ်များမှ အဆိုပါလက်နက်ကိုင်များအား တုံ့ပြန်ဆောင်ရွက်ရန်ဂှာ ဆောင်ရွက်ချက်များသည် လည်း နိုင်ငံတကာဥပဒေပြစ်မှုသတ်မှတ်ချက် ပြင်ပအောက်တွင် ကျရောက်နေပေသည်။ သံသယဖြစ်ဖွယ်ကျူးလွန်သူများကိုသာ ဖမ်းဆီးရမည့်အစား လုံခြုံရေးတပ်များသည် ရိုဟင်ဂျာများအပေါ် တမင်ပစ်မှတ်ထားကာ "အကြမ်းဖက်" တိုက်ခိုက်မှုများ၊ ခြိမ်းခြောက်မှုများတို့ကို တမင်ဆောင်ရွက်နေပုံ ရသည်။ အစိုးရ နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများအနေနှင့် ဤအရင်းခံအကြောင်းအရင်းများအား ဖြေရှင်းကိုင်တွယ်ခြင်းမပြုဘဲဖြင့် ရခိုင်ပြည်နယ်ရှိ အခြေအနေအား ဖြေရှင်းနိုင်မည်ဟု မျှော်လင့်၍မရနိုင်ပေ။

NLD ဦးဆောင်သော အစိုးရသည် ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု နှင့် ဖွံ့ ဖြိုးတိုးတက်မှုအား သော့ချက်ကျသည့် ဖြေရှင်းမှုနည်းလမ်း တစ်ခုအဖြစ် အဓိကဦးစားပေးရှုမြင်ကြောင်း ထပ်ခါတစ်လဲလဲ ထွက်ဆိုလျက်ရှိသော်ငြား စင်စစ် မြန်မာနိုင်ငံ၊ အထူးသဖြင့် ရခိုင်ပြည်နယ် အတွင်းရှိ ရိုဟင်ဂျာများ ရင်ဆိုင်ရသော ခွဲခြားဆက်ဆံမှုအား ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများ မရှိပါဘဲဖြင့် ဖွံ့ ဖြိုးတိုးတက်မှုအား အကောင်ထည်ဖော်ဆောင်နိုင်မည်မဟုတ်ပေ။ ခွဲခြားဆက်ဆံမှုအား ဖြေရှင်းခြင်းမပြုဘဲထားရှိသည့် ဖွံ့ ဖြိုးတိုးတက်မှုသည် တည်ရှိနေသည့် မညီမျှမှုများအား သာ၍ပင် အမြစ်တွယ်ခိုင်မာစေမည်ဖြစ်ကာ ပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု၊ အနိုင်ကျင့်မှုများကို ဆက်လက် လောင်စာဖြည့်ဆိုးရွားစေမည်သာဖြစ်သည်။

# သော့ချက်ကျသည့် ထောက်ခံအကြံပြုချက်များ

ဤအစီရင်ခံချက် အဆုံးတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ အစည်းမှ မြန်မာအစိုးရ၊ ကုလသမ္မဂ နှင့် အခြားသော ပါဝင်ပတ်သက်သူ အဖွဲ့အစည်းများထံသို့ ပြုလုပ်ထားသော ထောက်ခံအကြံပြုချက် အမျိုးမျိုးကို တွေ့ ရှိရပေမည်။

မြန်မာအစိုးရအနေနှင့် ဦးစားပေးဆောင်ရွက်ရမည်မှာ လက်ရှိ တည်ရှိသော လူမျိုးရေးခွဲခြားအုပ်ချုပ်မှုစနစ်အား ဖျက်သိမ်းပယ်ဖျက်ရန် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေအဖွဲ့အနေနှင့် အာဏာပိုင်များအား -

- ပါဝင်သက်ဆိုင်သူများ အားလုံးဖြင့် တက်ကြွစွာ တိုင်ပင်ဆွေးနွေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ခွဲခြားဆက်ဆံမှု နှင့် သီးခြားဖယ်ချန်မှုအား တိုက်ထုတ်ပေးမည့် အလုံးစုံပါဝင်သော ဆောင်ရွက်ချက်အစီအစဉ်တစ်ခုအား အရေးပေါ် မွေးစားကျင့်သုံးရန်ဖြစ်သည်။ ၎င်းအစီအစဉ်အတွင်းတွင် သတ်မှတ်ထားသည့် အချိန်မျဉ်းလိုင်းများ နှင့် အသေးစိတ် ပစ်မှတ်များ ပါဝင်ထည့်သွင်းသင့်ပြီး၊ လိုအပ်သော ငွေကြေး၊ လူသား နှင့် နည်းပညာပိုင်း အရင်းအမြစ်များ၊ ထို့ပြင် ၎င်း၏ အကောင်ထည်ဖော်ဆာင်ရွက်မှု နှင့် စောင့်ကြပ်စစ်ဆေးမှုတို့အတွက် သက်ဆိုင်ရာ တာဝန်ချအပ်ခံရသည့် အဖွဲ့အစည်းများ၊ ထို့နောက် တိုးတက်မှုအား နှစ်စဉ် လူထုထံသို့ ချပြအစီရင်ခံရန်ဂှာ ယန္တရားတစ်ခု အစရှိသည်တို့ကို ဖော်ထုတ်ဖောင်ဆောင် သင့်ပေသည်။ အမျိုးသမီးများအား တိုင်ပင်ဆွေးနွေးမှုပြုပေးရန်၊ နှင့် ခွဲခြားဆက်ဆံမှု၊ သီးခြားဖယ်ချန်မှုတို့၏ ကျား၊မ ခွဲခြားသက်ရောက်မှုများအား ဖြေရှင်းရန် အစရှိသည်တို့အတွက် ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်သင့်ပေသည်။

- လူမျိုး၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေး နောက်ခံများအပေါ်အခြေခံပြီး ခွဲခြားဆက်ဆံသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ နှင့် ကျင့်စဉ်များတို့ကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ နှင့် စံချိန်စံညွှန်းများတို့ဖြင့် တစ်ညီတည်းဖြစ်စေရန် ကြည့်ရှုစစ်ဆေး ရပေမည်။ ရိုဟင်ဂျာများ နှင့် အခြားသော မွတ်စလင်များအပေါ် အတိအလင်းဖြစ်စေ ၎င်းတို့၏ အကောင်အထည် ဖော်ဆောင်ရွက်မှုများ အားဖြင့်ဖြစ်စေ ခွဲခြားဆက်ဆံမှုပြုထားသော ရခိုင်ပြည်နယ်မြောက်ပိုင်းအတွင်း ထုတ်ပြန်ထားသည့် ဒေသခံ စည်းမျဉ်းစည်းကမ်းများအား အထူး အလေးထားသုံးသပ်သင့်ပေသည်၊ ထို့ပြင်

- လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ၊ ထို့ပြင် အခြားသော ပြင်းထန်သည့် ချိုးဖောက်မှုများ နှင့် လူ့အခွင့်အရေး တလွဲအသုံးချမှုများ အတွက် တာဝန်ယူမှုအား သေချာစေရပေမည်။ လုံလောက်သော သက်သေအထောက်အထားများ အား တွေ့ ရှိရချိန်တွင် အမိန့်အရ ဆောင်ရွက်မှုအပါအဝင် ပြစ်မှုအတွက်တာဝန်ရှိသည်ဟု ကျိုးကြောင်းသင့်တော်စွာ သံသယဖြစ်ဖွယ်ရှိသူအား သေဒဏ်မဟုတ်သည့်

နိုင်ငံတကာစံချိန်စံညွှန်းများဖြင့် ပြည့်မီကိုက်ညီမှုရှိသော ဥပဒေပြစ်ဒဏ်ပေးမှုတစ်ခုကို ဆောင်ရွက်ရမည်ဖြစ်သည်။ သားကောင် ခံစားရသူများ နှင့် ၎င်းတို့၏ မိသားစုများထံ စစ်လျော်ကြေးများ ထောက်ပံ့သင့်သည်။ အကယ်၍ အာဏာပိုင်များသည် ပြည်တွင်း တာဝန်ယူမှုအား ဆောင်ရွက်ရန် ပျက်ကွက်ပါခဲ့လျှင် ၎င်းတို့အနေနှင့် နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများ အားလုံးဖြင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်၊ သို့မှသာ နိုင်ငံတကာ ခုံသမာဓိအဖွဲ့များ သို့မဟုတ် နိုင်ငံခြား တရားရေးများတို့အားဖြင့် စုံစမ်းစစ်ဆေး၊ စွဲချက်တင်မှုများကို ဆောင်ရွက်ကာ တာဝန်ယူမှုရှိကြောင်း သေချာစေနိုင်မည် ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ အခြေအနေအား ဖြေရှင်းရန်၊ ထို့ပြင် လူတစ်ယောက်စီတိုင်း မိမိတို့၏ လူ့အခွင့်အရေးများအား ကျင့်သုံးနိုင်မည့် ပတ်ဝန်းကျင် တစ်ခုအား ဖန်တီးရန် အစရှိသည်တို့အတွက်ဇ္ဇာ သိသာထင်ရှားသော အရင်းအမြစ်များ နှင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည် ဖြစ်ပြီး၊ မြန်မာသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပံ့ပိုးထောက်ပံ့မှုအား လိုအပ်မည်ဖြစ်သည်။ အဆိုပါသော ဖွံ့ ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် နိုင်ငံတကာ အလှူရှင်များ၊ တွဲဖက်ပါတနာများ နှင့် အခြားသူများတို့မှ လှူဒါန်းမှုသည် ခွဲခြားမှုမရှိ အသိုင်းအဝိုင်းအားလုံးသို့ အကျိုးအမြတ်ရရှိစေပြီး၊ လူ့အခွင့်အရေးများအား အလေးထား၊ ကာကွယ်မှု ပြုကြောင်း သေချာအောင်ဆောင်ရွက်ဖို့ လိုအပ်ပေမည်။

သို့ဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ မှ အောက်ဖော်ပြပါရည်ရွယ်ချက်များအတွက်ဇ္ဇာ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီအား တောင်းခံခြင်းဖြစ်သည် -

- ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာ အကူအညီများ၊ ဖွံ့ ဖြိုးတိုးတက်မှု စီမံကိန်းများ သို့မဟုတ် ငွေကြေး အထောက်အပံ့များ တို့သည် ရှင်းလင်းစွာပင် လူမျိုးရေးခွဲခြားမှုများ၊ သီးသန့်ဖယ်ချန်မှုများမရှိကြောင်း တန်းတူညီမျှစွာ ဆောင်ရွက်ကြောင်း သေချာစေရန်ဖြစ်သည်။ စီမံကိန်းများအားလုံးနှင့် ကူညီထောက်ပံ့မှုများတို့သည် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှု နှင့် ဖယ်ချန်မှုများ အား ပံ့ပိုး၊ အမြစ်တွယ်ဖြစ်ပေါ်စေခြင်းမရှိကြောင်း သေချာစေရန် မျှတ၍ စဉ်ဆက်မပြတ်သော အကဲဖြတ်စစ်ဆေးမှုများအား ဆောင်ရွက်ရပေမည်။

- မြန်မာဘက်မှ စုံစမ်းစစ်ဆေးမှုများ နှင့် စွဲဆိုချက်များအား ထောက်ပံ့၊ ကြည့်ရှုစစ်ဆေး၍ဖြစ်စေ၊ သို့မှမဟုတ် ကမ္ဘာလုံးဆိုင်ရာ တရားရေး လက်အောက်တွင် အဆိုပါ စုံစမ်းစစ်ဆေးမှုများနှင့် စွဲဆိုချက်များအား ဆောင်ရွက်စေ၍ဖြစ်စေ လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုများတို့အတွက် တာဝန်ယူမှုရှိကြောင်း သေချာစေရပေမည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းအနေနှင့် UN အား -

- မြန်မာနှင့်ဆက်နွယ်သည့် UN စီမံလည်ပတ်မှုများ အားလုံးတွင် လူ့အခွင့်အရေးများအား လုံလောက်သော အရင်းအမြစ် အတိုင်းအတာအထိ ပေးထားကြောင်း သေချာစေရန်နှင့်၊ ထို့နောက် လူ့အခွင့်အရေးအား ရှေ့တန်းတင်သည့် ကနဦးဆောင်ရွက်မှုတစ်ခုအား စီမံလည်ပတ်ရန် အတွက် အလုံးစုံပါဝင်သော အစီအစဉ်တစ်ခုအား ရေးဆွဲရန်ဖြစ်သည်။ ၎င်းတွင် အကောင်ထည်ဖော်ဆောင်ရွက်မှုအတွက် အသေးစိတ် အချိန်မျဉ်းလိုင်းများ၊ ရှင်းလင်းစွာ ဖော်ထုတ်သတ်မှတ်ထားသည့် အောင်မြင်မှု ညွှန်ပြကိရိယာများ၊ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကာကွယ်၊ တုံ့ပြန်ရန်အတွက်ဇ္ဇာ ဒီဇိုင်းရေးဆွဲထားသော အစောပိုင်းအခြေအနေ သတိပေးချက် ယန္တရားတစ်ခု အစရှိသည်တို့ ပါဝင်သင့်ပေသည်။

# အသုံးပြုမှုနည်းလမ်း

အစီရင်ခံစာအတွက် သုတေသနဆောင်ရွက်မှုအား 2015 ခုနှစ်၊ နိုဝင်ဘာလမှ 2017 ခုနှစ်၊ စက်တင်ဘာလအကြားတွင် ဆောင်ရွက်ခဲ့ပြီး၊ ရခိုင်ပြည်နယ်သို့ ခရီးစဉ် လေးကြိမ်တိုင် သွားရောက်ခဲ့သည်၊ အင်တာဗျူးမေးမြန်းမှု အခု 200 ကျော်၊ ဥပဒေထုတ်ပြန်မှုများအား ထပ်မံ ကြည့်ရှုစစ်ဆေးမှု၊ ပညာရေး နှင့် အခြားသော စာပေဆိုင်ရာ၊ ထို့ပြင် ဓာတ်ပုံများ၊ ဗီဒီယိုများ နှင့် အခြားသော စာရွက်စာတမ်းများအား ကြည့်ရှုစစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် လူပေါင်း 166 ဦးအား အင်တာဗျူးမေးမြန်းခဲ့သည်။ အင်တာဗျူးမေးမြန်းမှု အများစုအား 2015 ခုနှစ်၊ နိုဝင်ဘာလ ကွင်းဆင်း သုတေသနဆောင်ရွက်ချိန် အတောအတွင်း ပြုလုပ်ခဲ့ပြီး၊ 2015 ခုနှစ်၊ ဖေဖဝါရီ၊ မတ် နှင့် စက်တင်ဘာလတွင်မှ မိမိကိုယ်ကို ရိုဟင်ဂျာ၊ ရခိုင်၊ ကမန်၊ မြရမ္မာကြီး သို့မဟုတ် မြို တိုင်းရင်းသားများ ဖြစ်ကြောင်း အတည်ပြုသည့် ပုဂ္ဂိုလ်များ၊ ထို့ပြင် မွတ်စလင်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် နှင့် ဟိန္ဒူ ကိုးကွယ်ယုံကြည်မှု အမျိုးမျိုးရှိကြသူများဖြင့် အင်တာဗျူးမေးမြန်းမှု ဆောင်ရွက်ခဲ့သည်။ နောက်ထပ်သော အင်တာဗျူးမေးမြန်းမှုများအား 2016 ခုနှစ်၊ မတ်လ နှင့် စက်တင်ဘာလ မှ 2017 ခုနှစ်၊ မေလ အတောအတွင်း ရန်ကုန်၌ပင် ဆောင်ရွက်ခဲ့သည်။ အချို့သောသူများအား အကြိမ်ပေါင်းများစွာ အင်တာဗျူးမေးမြန်းခဲ့ပြီး၊ ဤအစီရင်ခံစာအား ထုတ်ဝေမှုပြုသည့်အချိန်အထိ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းသည် ၎င်းတို့ဖြင့် အနီးကပ် ဆက်ဆံရေးရှိခဲ့သည်။ လုံခြုံရေး အကြောင်းအရင်းများ နှင့် ဝင်ရောက်သွားလာမှု အဟန့်အတားများကြောင့် အင်တာဗျူးမေးမြန်းမှု 15 ခုအား တယ်လီဖုန်းဖြင့်သာ ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် စုစုပေါင်း မြို့နယ် 17 ခုရှိပြီး၊ ၎င်းတို့အား အုပ်စုခွဲကာ ခရိုင်ဟုသိရှိထားသည့် စီမံအုပ်ချုပ်မှုဧရိယာ ငါးခုအောက်တွင် အုပ်စုဖွဲ့ထားရှိသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် ခရိုင်သုံးခုရှိ မြို့နယ်ငါးခုသို့ သွားရောက်လည်ပတ်ခဲ့သည် - မောင်းတောခရိုင်အတွင်းရှိ မောင်းတော နှင့် ဘူးသီးတောင်မြို့နယ်များ၊ မြောက်ဦးခရိုင်အတွင်းရှိ ကျောက်တော် နှင့် မြောက်ဦးမြို့နယ်များ၊ ထို့ပြင် စစ်တွေခရိုင်အတွင်းရှိ စစ်တွေမြို့နယ်တို့ဖြစ်သည်။ ၎င်းတို့သည် စုစုပေါင်း တည်နေရာ 38 နေရာသို့ သွားရောက်လည်ပတ်ခဲ့ရာ - ဤတွင် အချို့သည် 2012 ခုနှစ် အကြမ်းဖက်မှု၏ သက်ရောက်မှုအား တိုက်ရိုက်ခံစားရပြီး၊ အချို့မှာမူ ထိုသို့ သက်ရောက်မှုများမတွေ့ ရှိရသည့် ကျေးရွာ 31 ရွာ၊ စစ်တွေအတွင်းရှိ အောင်မင်္ဂလာ မူစလင်ရပ်ကွက်၊ IDP စခန်း လေးခု၊ ထို့ပြင် စစ်တွေ မြို့နယ်အတွင်းရှိ IDP ပြန်လည်နေရာချထားမှု ဆိုဒ်နေရာ နှစ်ခုတို့ ပါဝင်ပေသည်။ အချို့သော နေရာများကိုမူ အကြိမ်ပေါင်းများစွာ သွားရောက်လည်ပတ်ခဲ့သည်။ တယ်လီဖုန်းမှတစ်ဆင့် အင်တာဗျူးမေးမြန်းမှုအားဖြင့် ရသေ့တောင်မြို့နယ် အတွင်းရှိ ကျေးရွာ သုံးခုအပါအဝင် နောက်ထပ် တည်နေရာ ငါးခုမှ အချက်အလက်များကို စုဆောင်းရယူနိုင်ခဲ့သည်။ ဤတည်နေရာများအား ရွေးချယ်ရသည့်အကြောင်းအရင်းမှာ ၎င်းနေရာများ၌ နေထိုင်သူ မွတ်စလင် လူဦးရေ မြောက်များစွာ ရှိနေသောကြောင့်ဖြစ်သည်။




ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းသို့ ဝင်ရောက်သွားလာခွင့်အား တင်းကြပ်စွာပင် ကန့်သတ်ထားပြီး၊ မြောက်ပိုင်း မောင်းတောနှင့် ဘူးသီးတောင်မြို့နယ်များ၊ ရခိုင်ပြည်နယ်တစ်ဝှမ်းရှိ ရိုဟင်ဂျာကျေးရွာများ၊ စစ်တွေမြို့နယ်အတွင်းရှိ အောင်မင်္ဂလာ မွတ်စလင်နယ်မြေ နှင့် ရိုဟင်ဂျာ နှင့် အခြားသော မွတ်စလင် ထောင်ပေါင်းများစွာ၏ နေအိမ်ဖြစ်သော IDP စခန်းများ အစရှိသည်တို့သို့ သွားရောက်လည်ပတ်နိုင်ရန်အတွက် နိုင်ငံခြားသားများအနေနှင့် ခွင့်ပြုချက်လျှောက်ထားရန် လိုအပ်ပေသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းအနေနှင့် ၎င်း၏ သုတေသနဆောင်ရွက်သူများ ဤဒေသများသို့ သွားရောက်နိုင်ရန် ခွင့်ပြုပေးခဲ့သော ရခိုင်ပြည်နယ်အစိုးရထံသို့ ထပ်မံ၍ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

*စစ်တွေ လေယာဉ်ကွင်းတွင် လက်မှတ်ရေးထိုးသည်၊ နိုင်ငံခြားသားများအနေနှင့် ရိုဟင်ဂျာ (မြန်မာနိုင်ငံတွင် ဘင်္ဂါလီများဟု ခေါ်သည်) ဧရိယာများအား သွားရောက်လည်ပတ်ရန် တရားဝင် ခွင့်ပြုချက်လိုအပ်ကြောင်း သေချာရှင်းလင်းအောင် ဆောင်ရွက်ပါ၊ 2016 မတ်လ။ ©Amnesty International*

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းမှ သုတေသနပညာရှင်များသည် ရခိုင်ပြည်နယ်ရှိ မြို့နယ်နှင့် ပြည်နယ်အဆင့် အစိုးရ တာဝန်ရှိသူများ၊ လက်ရှိနှင့် ယခင်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်တွေရှိ ပြည်နယ်အထွေထွေဆေးရုံမှ ဝန်ထမ်းများ၊ ရိုဟင်ဂျာ နှင့် ရခိုင်အရေး တက်ကြွလှုပ်ရှားသူများ နှင့် ဘာသာရေးခေါင်းဆောင်များ၊ UN နှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (INGO) မှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ဂျာနယ်သတင်းထောက်များ နှင့် အခြားသော သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများတို့ဖြင့် တွေ့ဆုံခဲ့သည်။

သုတေသနဆောင်ရွက်မှု၏ သဘောသဘာဝ နှင့် ရည်ရွယ်ချက်၊ ထို့ပြင် ၎င်းတို့ထံမှ ရရှိသည့် အချက်အလက်များအား မည်သို့ အသုံးပြုမည်ဖြစ်ကြောင်း အစရှိသည်တို့ကို အင်တာဗျူးဖြေဆိုသူများအားလုံးထံသို့ အသိပေးထားခဲ့သည်။ အင်တာဗျူးမေးမြန်းမှု မစတင်မီတွင် အင်တာဗျူးဖြေဆိုသူတစ်ဦးစီထံမှ နှုတ်ဖြင့်ခံဝန်သဘောတူညီချက်အား ရယူခဲ့ပြီး၊ အင်တာဗျူးအဆုံးတွင်လည်း ထပ်မံ၍ နောက်တစ်ကြိမ် အတည်ပြုခဲ့သည်။ အင်တာဗျူးဖြေဆိုသူများအား ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုအတွက် မည်သည့် မက်လုံးများကိုမှ ထောက်ပံ့ပေးကမ်းခဲ့ခြင်းမရှိပေ။

ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအား သုတေသနဆောင်ရွက်ခြင်းသည် လွန်စွာပင် အခက်အခဲစိန်ခေါ်မှုများ များပြားပေသည်၊ အထူးသဖြင့် ပြည်နယ် လုံခြုံရေးတပ်များမှ အချိန်ပြည့် စောင့်ကြပ်ကြည့်ရှုနေသောကြောင့်ဖြစ်သည်။ အင်တာဗျူးဖြေဆိုသူများသည် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းထံသို့ အချက်အလက်များ ထောက်ပံ့ပေးရန် စိတ်အားထက်သန်လျက်ရှိသော်ငြား အကယ်၍ ၎င်းတို့မှ အဖွဲ့အစည်းထံသို့ ဖော်ထုတ်ပြောကြားခဲ့သည်ကို ဖော်ထုတ်တွေ့ ရှိလျှင် အစိုးရအာဏာပိုင်များထံမှ အငြိုးထားခံရမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော်ဖွင့်ဟခဲ့သည်။ မူဝါဒသတ်မှတ်ချက်များအပေါ် စွဲမြဲလိုက်နာသော အမျိုးသားရေးအုပ်စုများထံမှ ကြိုဆိုလက်ခံခြင်းမရှိမှု နှင့် အငြိုးထားခံရနိုင်ခြေများသည်လည်း ရခိုင်ပြည်နယ်ရှိ မူစလင် အသိုင်းအဝိုင်းများ၏ အခက်အခဲအား သုတေသနဆောင်ရွက်မှုကို ပိုမို ခက်ခဲစေခဲ့သည်။ ဤအန္တရာယ်အခြေအနေများအား ရိုဟင်ဂျာများ နှင့် အခြားသော မူစလင် အသိုင်းအဝိုင်းများသာလျှင်မက အခြားသော တိုင်းရင်းသား နှင့် ဘာသာရေးအုပ်စုများပါ ခံစားရလျက်ရှိသည်။ ရလဒ်အနေနှင့် အမှုကိစ္စရပ်အများစုတွင် အမည်ဂုဏ်များအား အသုံးပြုထားပြီး၊ အင်တာဗျူးဖြေဆိုသူများ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို ၎င်းတို့၏ လုံခြုံရေးအတွက်ဌာ ချန်လှပ်ထားရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ နှင့် အခြားသော အေဂျင်စီများသည်လည်း အကယ်၍ ၎င်းတို့မှ ရခိုင်ပြည်နယ်အတွင်းရှိ အခြေအနေနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုခဲ့လျှင် အစိုးရ သို့မဟုတ် အမျိုးသားရေးအုပ်စုဝင်များထံမှ ရန်ငြိုးထားခံရမည်ကို ကြောက်ရွံ့နေကြလျက်ရှိသည်။ သုတေသနဆောင်ရွက်မှု အတောအတွင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းမှ တွေ့ဆုံခဲ့သော အဖွဲ့အစည်းအများစုသည် ၎င်းတို့အား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းမပြုရန် တောင်းဆိုခဲ့ပြီး၊ အချို့သော အခြေအနေများတွင်မူ နိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံရသည်ကိုပင်လျှင် စိုးရိမ်ကြောင်း ထုတ်ဖော်ဖွင့်ဟခဲ့သည်၊ ၎င်းတို့၏ ဝန်ထမ်းများနှင့် အကျိုးအမြတ်ခံစားခွင့်ရရှိသူများ အန္တရာယ်ဖြစ်မည်ကို သို့မှမဟုတ် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများအပေါ် သက်ရောက်မှုရှိမည်ကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းအနေနှင့် ဤအစီရင်ခံစာအတွက် ၎င်းတို့၏ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံခွင့်ပေးကာ အချက်အလက်များ ထောက်ပံ့ပေးခဲ့သည့် တစ်ဦးတစ်ယောက်စီတိုင်း နှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ အထူးသဖြင့် အဖွဲ့အစည်းသည် အန္တရာယ်အခက်အခဲများကြားမှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အပေါ် ယုံကြည်ပြီး မိမိတို့၏အကြောင်းအား မျှဝေပေးခဲ့သည် ခံစားရသူသားကောင်များ၊ ၎င်းတို့၏ မိသားစုများနှင့် ကိုယ်စားလှယ်များတို့အား နက်ရှိုင်းစွာ ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အနေနှင့် ရှာဖွေတွေ့ ရှိချက်များနှင့်ပတ်သက်ပြီး မြန်မာအာဏာပိုင်များဖြင့် တက်ကြွစွာ ညှိနှိုင်းပါဝင်ဆောင်ရွက်ခဲ့သည်၊ 2017 ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလအတွင်း အစိုးရအရာရှိများနှင့်တွေ့ဆုံကာ ဤအစီရင်ခံစာ၏ ရှာဖွေတွေ့ ရှိချက်အချို့အပေါ် ၎င်းတို့၏ ထည့်သွင်းတုံ့ပြန်ချက်များအား ရရှိရန်အတွက်ဌာ နေပြည်တော်သို့ သွားရောက်ခဲ့သည်။ အဖွဲ့အစည်း၏ ကိုယ်စားလှယ်များသည်လည်း လူမှုဖူလုံရေး၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတို့ထံမှ အရာရှိများနှင့်တွေ့ဆုံခဲ့ကာ ဤတွေ့ဆုံမှုများအတွင်း ရရှိခဲ့သော အချက်အလက်များသည် ဤအစီရင်ခံစာအတွင်း ရောင်ပြန်ထင်ဟပ်နေပေသည်။ 2017 ခုနှစ်၊ အောက်တိုဘာလတွင် အဖွဲ့အစည်းသည် နိုင်ငံတော် အတိုင်ပင်ခံဖြင့် တွေ့ဆုံခဲ့ကာ ကျွန်ုပ်တို့၏ ရှာဖွေတွေ့ ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအချို့ကို ဆွေးနွေးတိုင်ပင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းသည် ဤအစီရင်ခံစာအား မထုတ်ပြန်မီ တစ်ပတ်ကြိုတင်ပြီး နိုင်ငံတော် အတိုင်ပင်ခံထံသို့လည်း မိတ္တူတစ်စောင်အား ကြိုတင်ပေးပို့ခဲ့သည်။ [1]

ကွင်းဆင်းသုတေသနဆောင်ရွက်မှုအပြင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းသည် သက်ဆိုင်ရာ ဥပဒေထုတ်ပြန်မှုများ၊ စည်းမျဉ်း စည်းကမ်းများ နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အာဏာပိုင်များမှ ထုတ်ပြန်သော ဒေသခံ အမိန့်ထုတ်ပြန်ချက် 16 ချက် (နောက်ဆုံး အမိန့်ထုတ်ပြန်ချက် တစ်စောင်မှာ 2017 ခုနှစ်၊ ဩဂုတ်လအတွင်းဖြစ်သည်) အပါအဝင် အခြားသော တရားဝင် စာရွက်စာတမ်းများကိုလည်း လေ့လာသုံးသပ်ခဲ့သည်။ အဖွဲ့အစည်းသည် UN အေဂျင်စီများ၊ နိုင်ငံအလိုက် နှင့် နိုင်ငံတကာ NGO များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံ လေ့လာစောင့်ကြည့်ရေးအုပ်စုများ နှင့် မီဒီယာတို့ထံမှ အစီရင်ခံချက်များကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။ အဖွဲ့အစည်းသည် လူ့အခွင့်အရေးချိုးဖောက်မှု အမှုအချို့နှင့် ဆက်နွယ်နေသည့် ဓာတ်ပုံနှင့် ဗီဒီယိုအထောက်အထားများအားလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ ၎င်းတို့အားလုံးအား ဖိုင်တွဲအတွင်း ထားရှိထိန်းသိမ်းထားသည်။

## ဝေါဟာရအသုံးအနှုန်းနှင့် တည်နေရာများ

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဟူသော စကားလုံး အသုံးအနှုန်းသည် လွန်စွာ ဆတ်ဆတ်အထိမခံသော အသုံးအနှုန်းတစ်ခုဖြစ်ပြီး၊ နိုင်ငံရေးအရ လွန်စွာ သက်ရောက်မှုပြင်းသည်။ အနိုင်ရအစိုးရများသာမက နိုင်ငံတစ်ပှမ်းရှိ လူတော်တော်များများသည်လည်း ၎င်းဝေါဟာရအား အသုံးပြုရန်ငြင်းဆန်ကြပြီး၊ မြန်မာနိုင်ငံတွင် အဆိုပါ လူမျိုးအုပ်စုမရှိကြောင်း အခိုင်အမာပြောဆိုကြသည်။ ၎င်းအစား ရိုဟင်ဂျာများအား "ဘင်္ဂါလီများ" ဟူ၍ ရည်ညွှန်းသုံးစွဲသည်၊ ဆိုလိုသည်မှာ ဘင်္ဂါလားဒေ့ရှ်မှ ရွှေ့ပြောင်းရောက်ရှိလာသူများအဖြစ် ဆိုလိုခြင်းဖြစ်သည်၊ သို့မှမဟုတ် "ကုလား"[2] ဟူသည့် မနစ်မြို့ ဖွယ် အသုံးအနှုန်းဖြင့် ခေါ်ဝေါ်သုံးစွဲကြသည်။ NLD ဦးဆောင်သော အစိုးရသည် ၂၀၁၆ မတ်လ၌ အာဏာရရှိလာပြီးနောက် အောင်ဆန်းစုကြည်သည် သံအမတ်များအား ရိုဟင်ဂျာဟူသည့် စကားလုံး အသုံးပြုမှုကို "ရှောင်ကြဉ်" ဖို့ တောင်းဆိုခဲ့ပြီး၊ ၎င်းအစား "ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် မွတ်စလင်များ"[3] ဟူ၍ သုံးစွဲရန် တောင်းဆိုခဲ့သည်။

---

[1] TG ASA 16/2017.036

[2]မနစ်မြို့ ဖွယ်အသုံးအနှုန်းတစ်ခု။ မူစလင်များ၊ အိန္ဒိယနွယ်ဖွားများ သို့မဟုတ် တောင်အာရှမှ ဆင်းသက်လာသည့် အခြားသော အနွယ်များအား မြန်မာနိုင်ငံတွင် ခေါ်ဆိုသည့် သက္ကရာဘာသာစကားဖြင့် "အမည်း" ဟူသည့် အဓိပ္ပါယ်သက်ရောက်သော စကားလုံးမှ ဆင်းသက်လာသည်။

[3]Richard C. Paddock၊ 'Aung San Suu Kyi Asks U.S. Not to Refer to 'Rohingya'' (အောင်ဆန်းစုကြည်မှ U.S အား "ရိုဟင်ဂျာ" ဟူသည့် အသုံးအနှုန်း ခေါ်ဆိုရည်ညွှန်းခြင်း မပြုရန် တောင်းဆို' )၊*The New York Times*၊ မေလ ၆ရက်၊ ၂၀၁၆ ။ www.nytimes.com/2016/05/07/world/asia/myanmar-rohingya-aung-san-suu-kyi.html

အဆိုပါတောင်းဆိုမှုကြောင့် နိုင်ငံတကာ ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။ စင်စစ် အောင်ဆန်းစုကြည်သည် အစိုးရ အရာရှိများအားလည်း ဘင်္ဂါလီဟူသည့် အသုံးအနှုန်း သုံးစွဲခြင်းကို တားမြစ်ခဲ့သော်ငြား အဆိုပါတောင်းဆိုချက်အား လျစ်လျူရှုခံနေရဆဲ ဖြစ်သည်။[4]

ဤဆတ်ဆတ်အထိမခံမှုအခြေအနေများအား သိရှိထားသော်ငြား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်းအနေနှင့်မူ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံညွှန်းများအတွင်း ထုတ်ပြန်ထားသည်အရ လူတိုင်းထံ၌ မိမိမည်သူမည်ဂါဖြစ်ကြောင်း ဖော်ထုတ်ခွင့်ရှိသည့် အခွင့်အရေးကို အသိအမှတ်ပြုထားသည်။[5] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းသည် ရခိုင်ပြည်နယ်အတွင်းမှ အင်တာဗျူး ဖြေဆိုသူများအားလုံးအား ၎င်းတို့၏ တိုင်းရင်းသား နှင့် ဘာသာရေးအား မည်သို့ဖော်ပြလိုကြောင်း မေးမြန်းခဲ့ရာ၊ ဤအစီရင်ခံစာအတွင်း ၎င်းတို့အား ၎င်းတို့ကိုယ်တိုင်သတ်မှတ်ထားသည့် တိုင်းရင်းသား၊ ဘာသာရေး အသုံးအနှုန်းများဖြင့်သာလျှင် ရည်ညွှန်းဖော်ပြသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ တည်နေရာများအား အဖွဲ့အစည်း၊ အသိုင်းအဝိုင်းအမျိုးမျိုးမှ အသီးသီး ရည်ညွှန်းခေါ်ဆိုကြသည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်များအရ "ရခိုင်ပြည်နယ် မြောက်ပိုင်း" သည် မောင်းတောခရိုင် အစိုးရလက်အောက် အတူတကွတည်ရှိနေသည့် မောင်းတောနှင့် ဘူးသီတောင် မြောက်ပိုင်း မြို့နယ်နှစ်ခုအား ရည်ညွှန်းခြင်းဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းသည် မြန်မာနိုင်ငံ၏ ရိုဟင်ဂျာများအဓိကနေထိုင်သည့် နေအိမ်ဖြစ်ပြီး ခန့်မှန်းခြေ ရိုဟင်ဂျာ တစ်သန်းခန့် ရှိသည်။ "ရခိုင်ပြည်နယ် အလယ်ပိုင်း" မှာမူ မြောက်ဦး၊ ကျောက်တော် နှင့် ရသေ့တောင် မြို့နယ်များအား ရည်ညွှန်းခေါ်ဆိုခြင်းဖြစ်သည်။ စစ်တွေသည် ရခိုင်ပြည်နယ်အလယ်ပိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်ငြား ဤအစီရင်ခံစာ ရည်ရွယ်ချက်များအရ ၎င်းအား စစ်တွေမြို့နယ်ဟူ၍သာ ခေါ်ဆိုသုံးနှုန်းပေမည်၊ ထို့ပြင် ၎င်းဒေသအတွင်းရှိ တည်နေရာများအားလည်း စစ်တွေမြို့ဟူ၍လည်းကောင်း၊ ဘေးပတ်လည်ကျေးရွာများဟူ၍လည်းကောင်း သို့မဟုတ် ပြန်လည်နေရာချထားမှုစခန်းများဟူ၍လည်းကောင်း ခေါ်ဆိုသတ်မှတ်ပေမည်။

ယခင်က ထွက်ဆိုထားသည့်အတိုင်းပင် ရခိုင်ပြည်နယ်အား ခရိုင်ငါးခုအဖြစ် ပိုင်းခြားထားပြီး၊ ၎င်းတို့တစ်ခုစီတွင် မြို့နယ် အမျိုးမျိုး ပါဝင်သည်။ မြို့နယ်များအား မြို့များနှင့် ကျေးရွာစုများတို့ဖြင့် ဖွဲ့စည်းထားပြီး၊ မြို့များအားလည်း အုပ်စု နှင့် ရပ်ကွက်များအဖြစ်သို့ ဆက်လက် ပိုင်းခြားနိုင်သည်။ ကျေးရွာစုများတွင် အမျိုးမျိုးသော ကျေးရွာများနှင့် ရွာငယ်ဇနပုဒ်များတို့ ပါဝင်ပေသည်။ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်တစ်ခုစီတွင် အဓိကမြို့သည် မြို့နယ်၏ အမည်အဖြစ်သတ်မှတ်ခြင်းခံရသည်၊ သို့ဖြစ်သောကြောင့် မောင်းတောမြို့နယ်ရှိ မောင်းတောမြို့ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

မြို့တစ်မြို့စီသည် မြို့နယ်၏ စီမံအုပ်ချုပ်မှုဗဟိုဖြစ်သည်၊ ထို့ပြင် ပြည်နယ်အဖွဲ့အစည်းအများစု နှင့် ရုံးခန်းများ စုဝေးတည်ရှိရာလည်း ဖြစ်သည်။ ဤတွင် ဒေသခံစီမံအုပ်ချုပ်မှု၊ မြို့နယ် ရဲဌာနချုပ်များ၊ လူဝင်မှုကြီးကြပ်ရေးရုံးခန်း၊ ဆေးရုံများ နှင့် တရားရုံးများတို့၏ ရှုထောင့်ပေါင်းစုံအား ကြီးကြပ်ကွပ်ကဲသည့် GAD သည်လည်း အပါအဝင်ပင်ဖြစ်သည်။ ကျေးရွာစု၊ အုပ်စု နှင့် ရပ်ကွက်တစ်ခုစီအား စီမံအုပ်ချုပ်သူ (ကျေးရွာ စီမံအုပ်ချုပ်သူ၊ အုပ်စု စီမံအုပ်ချုပ်သူ သို့မဟုတ် ရပ်ကွက် စီမံအုပ်ချုပ်သူ) မှ ကြီးကြပ်ကွပ်ကဲပြီး၊ ၎င်းသည် တရားဝင်အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည်။ ၎င်းတို့၏ ရာထူးအတိုင်းပင် ၎င်းတို့သည် သက်ဆိုင်ရာ ကျေးရွာစု၊ အုပ်စု သို့မဟုတ် ရပ်ကွက်အတွက် မီးဖွားမှု၊ သေဆုံးမှု မှတ်တမ်းသွင်းခြင်းပါအပါအဝင် စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိပေသည်။ သီးသန့် ကျေးရွာများ နှင့် ရွာငယ်ဇနပုဒ်များအား ဒေသခံခေါင်းဆောင်များမှ တရားဝင်မဟုတ်သော်ငြား စီမံကွပ်ကဲလျက်ရှိသည်။[6]

---

[4]Lun Min Maung ၊ 'State counsellor urges avoidance of words 'Rohingya' and 'Bengali'' (နိုင်ငံတော်အကြံပေးမှ 'ရိုဟင်ဂျာ' နှင့် 'ဘင်္ဂါလီ' ဟူသည့် စကားလုံး အသုံးအနှုန်းများ ရှောင်ကြဉ်ရန်တိုက်တွန်း)၊ *The Myanmar Times*၊ မေလ ၂၆ရက်၊ ၂၀၁၆ ။ www.mmtimes.com/index.php/national-news/yangon/20438-state-counsellor-urges-avoidance-of-words-rohingya-and-bengali.html

[5]သေတ္တာကွက်အား ကြည့်ရှုပါ - အပြည်ပြည်ဆိုင်ရာဥပဒေ နှင့် မိမိကိုယ်ကိုဖော်ထုတ်သတ်မှတ်ခွင့်။

[6]အထွေထွေ စီမံအုပ်ချုပ်မှုဌာန (GAD) မှ မြန်မာအား နိုင်ငံတော်အဆင့်မှ ကျေးရွာအဆင့်သို့ မည်သို့ စီမံဆောင်ရွက်ခဲ့ပုံနှင့်ပတ်သက်ပြီး နောက်ထပ်သော အချက်အလက်များအတွက် Kyi Pyar Chit Saw နှင့် Matthew Arnold ၊ *Administering the State in Myanmar (မြန်မာနိုင်ငံအတွင်း ပြည်နယ်အား စီမံအုပ်ချုပ်ခြင်း)* ၊ Asia Foundation ၊ အောက်တိုဘာလ ၂၀၁၄ ၊ asiafoundation.org/resources/pdfs/GADEnglish.pdf အား ကြည့်ရှုပါ။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့ အစည်းသည် လူ့အခွင့်အရေးများ အတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု တစ်ခု ဖြစ်သည်။ တစ်ဦးတစ်ယောက် ထံသို့ တရားမမျှတမှုဖြစ်ပေါ်ချိန်တွင် ၎င်းသည် အဆိုပါကိစ္စရပ်အား ကျွန်ုပ်တို့အားလုံးဖြင့် သက်ဆိုင်စေသည်။**


ကျွန်ုပ်တို့ထံ ဆက်သွယ်ရန်

info@amnesty.org

+44 (0)20 7413 5500

စကားအပြန်အလှန်ပြောဆိုမှုတွင် ပါဝင်ရန်

www.facebook.com/AmnestyGlobal

@Amnesty

# “အမိုးမရှိလဟာပြင်အတွင်း ပိတ်လှောင်ခံထားရခြင်း”

## မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်းမှ လူမျိုးရေးခွဲခြားမှုစနစ်

2017 ခုနှစ်၊ ဩဂုတ်လ ကတည်းကစတင်ပြီး ရိုဟင်ဂျာများအပေါ် ကျူးလွန်လျက်ရှိသော ထိတ်လန့်ဖွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဆယ်စုနှစ်ပေါင်းများစွာကြာ တိုင်းပြည်ကိုယ်တိုင်မှ ကျင့်သုံးနေသည့် ခွဲခြားဆက်ဆံမှု၊ ဖိစီးနိပ်စက်မှုများအပေါ် နောက်ခံအခြေပြု၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယနေ့တွင် ရခိုင်ပြည်နယ်ရှိ ၎င်းတို့၏ ဘဝနေထိုင်မှုများသည် ရှုထောင့်ပေါင်းစုံမှ ပြင်းထန်စွာ ကန့်သတ်ထားခံရသော ဘဝ ဖြစ်ပြီး၊ ၎င်းတို့၏ လူ့အခွင့်အရေးများ – လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ အစားအသောက်များ ရရှိခွင့်၊ လွတ်လပ်စွာ တွေးတော၊ သိမြင်လက်ခံ၊ ယုံကြည်ကိုးကွယ်ခွင့်၊ ထို့ပြင် အများပြည်သူလူထုနှင့်အတူ ပါဝင်ဆောင်ရွက်ခွင့် အစရှိသည်တို့ – သည် ချိုးဖောက်ခံရလျက် ရှိသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ မှ ရခိုင်ပြည်နယ်အတွင်း ရှာဖွေတွေ့ ရှိခဲ့သည်မှာ မွတ်စလင် အသိုင်းအဝိုင်းများအား သီးသန့်ခွဲထုတ်၊ ခွဲခြားဆက်ဆံသည့် စနစ်တစ်ခုပင်ဖြစ်သည်။ ရိုဟင်ဂျာများ၏ ဤအရေးကိစ္စကို ကြည့်မည်ဆိုလျှင် ၎င်းတို့၏ မျိုးနွယ် (သို့မဟုတ် တိုင်းရင်းသား) အထောက်အ ထားအပေါ် အခြေခံပြီး အရပ်သားလူထုအပေါ် စနစ်တကျ အကွက်ဆင် တိုက်ခိုက်မှုများသည် အလွန်ပင် ပြင်းထန်ဆိုးရွားလွန်းလှသဖြင့် ဤသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေလက်အောက်ရှိ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှု၊ လူမျိုးရေးခွဲခြားမှုစနစ်အဖြစ် တရားဝင် သတ်မှတ်နိုင်ပေသည်။

ဤအခြေအနေအား ဆက်လက် တည်ရှိနေခွင့် မပြုသင့်ပေ။ ဤသည်မှာ လက်မခံနိုင်သော၊ တရားမဝင်သော၊ သင့်တော်မှုမရှိသော အခြေအနေတစ်ခု ဖြစ်သည်။ အစိုးရ နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေနှင့် အခြေခံ အကြောင်းအရင်းများအား ကိုင်တွယ်ဖြေရှင်းခြင်းမပြုဘဲနှင့် ဤအကျဉ်းအကျပ် အခြေအနေအား ဖြေရှင်းနိုင်မည်ဟု မျှော်လင့်၍မရနိုင်ပေ။ ဤသည်အား ဆောင်ရွက်ရန်ပျက်ကွက်ပါလျှင် ခွဲခြားဆက်ဆံမှု၊ လူသားများ၏ နစ်နာခံစားရမှု၊ နှင့် ပဋိပက္ခအခြေအနေအား ပိုမိုဆိုးရွားစေမှုတို့ကိုသာလျှင် ဆက်လက် ဖြစ်မြဲဖြစ်ပေါ်စေမည် ဖြစ်သည်။

INDEX: ASA 16/7484/2017
NOVEMBER 2017
LANGUAGE: BURMESE



AMNESTY INTERNATIONAL